# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဥာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သော သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃၁)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ မေ ၁၉ ရက်၊ အင်္ဂါနေ့


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေး

## တပ်မတော်သားများ၏ သား၊ သမီးအားလုံးကို နှစ်စဉ် တန်းစဉ်ကူးပြောင်းမှုတွင်ပါဝင်နိုင်ရေးနှင့် အနည်းဆုံး KG+9 အဆင့်အထိတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များ အနေဖြင့် တပ်မတော်နှင့်ပြည်သူကိုသွေးခွဲရန် နည်းမျိုးစုံဖြင့်ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ အချို့ဝန်ထမ်းများသည်လည်း နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲကွဲပြားပြားသိမြင်မှုမရှိဘဲ နားယောင်၍ DCS လုပ်ဆောင်ခဲ့သဖြင့် ခက်ခဲမှုများစွာဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့်ပြည်သူ၏ ညီညွတ်သောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း။


**စာမျက်နှာ ၁၆ ကော်လံ ၁ ★**





## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၉ ရက်)

# မူးယစ်ဆေးဝါးပပျောက်ရေးသည် အမျိုးသားရေးတာဝန်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ကာ ဖိဖိစီးစီးဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများသည် တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်လျက်ရှိရာတွင် လမ်းကြောင်းအမျိုးမျိုးကို အသုံးပြုလျက်ရှိသည်။ သို့သော်လည်း ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများကိုအသုံးပြုကာ မူးယစ်ဆေးဝါးပို့ဆောင်မှုများကို ဖမ်းဆီးရမိရုံသာမက လေကြောင်းလမ်းမှပို့ဆောင်ရန်ကြံစည်မှုများကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။

မေလ ၅ ရက်နေ့ထုတ်ပြန်ချက်သတင်းအရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၆ ရက် နံနက် ၈ နာရီခွဲက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်မှမလေးရှားနိုင်ငံ၊ ကွာလာလမ်ပူလေဆိပ်သို့ ထွက်ခွာမည့်လေယာဉ်ဖြင့်လိုက်ပါမည့် ခရီးသည်နှစ်ဦးနှင့်ကွင်းဆက်ဖော်ထုတ်ချက်များမှ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မေလ ၉ ရက်တွင် ကလေးမြို့နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ခန့်မှန်းငွေကျပ် ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ကီလိုနှင့် စိတ်ကြွဆေးပြား ၄ သန်း သယ်ဆောင်လာသူများနှင့် ဆက်စပ်သူများအား ဖမ်းဆီးရသည့်အပြင် ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၂၉၂ ဒသမ ၅ သိန်း၊ ကလေးဝမြို့၌ ငွေကျပ်သိန်း ၁၂၀ နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခြင်း၊ မေလ ၁၀ ရက်တွင် ချမ်းမြသာစည်၊ ပုသိမ်ကြီးနှင့် စဉ့်ကိုင်မြို့နယ်တို့တွင် ငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများဖမ်းဆီးရမိခြင်းသတင်းများ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးနှင့်ဆက်စပ်သောပစ္စည်းများကို မကြာခဏဖမ်းဆီးရမိသည်။ မူးယစ်ဆေးဝါးများနှင့်ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်လည်း ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးကုန်ကူးသူများ၏ အလေ့အထများနှင့် ဒေသတွင်းဖြစ်ပေါ်နေသောအခြေအနေများအပေါ်သုံးသပ်ပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ချဆောင်ရွက်ကြရသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကို ကာကွယ်ရန်မှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေသည့် "သုံးစွဲသူလက်ထဲအလွယ်တကူမရောက်ရှိနိုင်ရေးသည်" အရေးကြီးလုပ်ငန်းစဉ်ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများမှာ တိုင်းရင်းသားလက်နက်ကိုင်များကြီးစိုးရာနေရာဒေသများတွင်ဖြစ်သဖြင့် ထုတ်လုပ်ရာနေရာများမှ သယ်ယူပို့ဆောင်မှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် လက်လီရောင်းချနေမှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းဖြင့် သုံးစွဲသူလက်အတွင်း အလွယ်တကူမရောက်ရှိရေးကို တားဆီးနှိမ်နင်းရေးလုပ်ငန်းများဖြင့် ဟန့်တားရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများတွင် လူအနည်းငယ်က ဂိုဏ်း/အုပ်စုဖွဲ့ကာ အမြောက်အမြားသယ်ဆောင်ရောင်းဝယ်သည့်ပုံစံမျိုးသို့ ပြောင်းလဲအသုံးပြုလာခဲ့သည်။ အသုံးပြုသည့် ယာဉ်/ခေတ္တထားသိုမည့်နေရာများနှင့်ပို့ဆောင်ရာတွင် အသုံးချမည့်သူများကိုလည်း ပုံစံပြောင်းလဲကျင့်သုံးလာသည်။ လွန်ခဲ့သောနှစ်များအတွင်းက အသုံးပြုသည့်ယာဉ်နှင့်ခေတ္တထားသိုသိမ်းဆည်းမည့်နေရာများမှာ ကိုယ်ပိုင်ယာဉ်၊ အိမ်/ဂိုဒေါင်များကို အသုံးပြုခဲ့သော်လည်း လက်ရှိကာလတွင် ယာဉ်များ၊ အိမ်၊ ဂိုဒေါင်များကို ဈေးနှုန်းမြင့်မားစွာဖြင့် ငှားရမ်းအသုံးပြုလာကြသည်။

ဒေသတွင်းမူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေများအရ အိုက်စ်နှင့်ကက်တမင်းသုံးစွဲမှုများ အဆမတန်မြင့်တက်လာလျက်ရှိသည်။ ဒေသတွင်းနိုင်ငံများတွင် အိုက်စ်နှင့်ကက်တမင်းဖမ်းဆီးရမိမှုများမြင့်တက်လာလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်များရှိသည့်အပြင် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေမှုများကြောင့် ဖမ်းဆီးရမိမှုများမြင့်တက်လာနေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်တစ်ခုလုံးနှင့်သက်ဆိုင်နေသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုသတင်းများကို သက်ဆိုင်ရာသို့ပေးပို့ခြင်းဖြင့် ပြည်သူများကလည်း ပါဝင်ကူညီကြရန်ဖြစ်သည်။ သို့မှသာ မူးယစ်ဆေးဝါးသည် မြန်မာ့မြေပေါ်မှပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# လယ်ဝေးမြို့နယ်၌ လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မေ ၁၈

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဖွင့်လှစ်သည့် လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကို မေလ ၁၇ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည် စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအထိ ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်နှိမ်နင်းခြင်း၊ ရောဂါဖြစ်ပွားလာပါက ထိရောက်သောကုသမှုပေးခြင်း စသည့်လုပ်ငန်းစဉ်သုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများနှင့်ပြည်သူလူထုကြား ဆက်သွယ်ပေါင်းကူးထားသည့် စေတနာ့ဝန်ထမ်းများ၏အခန်းကဏ္ဍသည် အရေးပါသည့်အတွက် ရက် ၁၀၀ စီမံချက်တွင်ပါဝင်သည့်လူထုကျန်းမာရေးလုပ်သားသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။ ဆက်လက်၍ လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော်က သင်တန်းဖွင့်လှစ်သင်ကြားမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ အဆိုပါ လူထုကျန်းမာရေးလုပ်သားသင်တန်းကို လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၁၉၈ ဦးအား ရက်သတ္တနှစ်ပတ်ကြာ သင်ကြားခဲ့ကြောင်း သိရသည်။

(၄၀၂)

# မင်းဘူးမြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

မင်းဘူး မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ လေထုညစ်ညမ်းမှုအန္တရာယ်မှကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်အတွက် ကြီးပင်ကန်(န)ကျေးရွာဓမ္မာရုံ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို မေလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများနှင့် မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာများမှ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာသိကောင်းစရာများကို အသီးသီးဆွေးနွေးပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများက မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ ကြီးပင်ကန်(န)ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသား စုစုပေါင်း ၂၁၈ ဦး တက်ရောက်ကြောင်း သိရသည်။

ဇင်မာ

## MWD Education, Knowledge & Sports Channel

၁၉-၅-၂၀၂၆(အင်္ဂါနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၃၀ | Grade – 3/ Grade –4/ Grade – 5/ Grade – 6 သင်္ချာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၅၀ | Grade – 7/ Grade – 8/ Grade – 9 သင်္ချာ |
| ၃။ | ၁၆:၅၀ | - | ၁၈:၁၅ | Grade – 10 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၄။ | ၁၈:၁၅ | - | ၂၀:၀၅ | Grade – 11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲကေ ၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ မေ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲကေ ၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ဆီထွက်သီးနှံ မြေပဲ ၆၀၆၁ ကေစိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေဖို့၊ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားမြင့်တင်နိုင်စေဖို့ရည်ရွယ်ပြီး မြေပဲ ၆၀၆၁ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်မှာပါ။ တောင်သူတွေ စိုက်ပျိုးရေးနည်းပညာတွေနဲ့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးမှာပါ" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ မြေပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျောက်ဆည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းဖွင့်

ကျောက်ဆည် မေ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ မေလ ၁၈ ရက်တွင် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) တို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်းဖွင့်လှစ်သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့် သင်တန်းမှပို့ချသောနည်းပညာများကိုအသုံးချကာ ကိုယ်ပိုင်လုပ်ငန်းထူထောင်ကြစေလိုကြောင်း အမှာစကားပြောကြားပြီး အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျာဝင်းတို့က သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းသုံးပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**တင်တင်ထွေး**

# အောင်လံမြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

အောင်လံ မေ ၁၈

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်လူရွယ်များ မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များကို သိရှိနားလည်ပြီး အသိပညာ ဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို မေလ ၁၈ ရက်တွင် အောင်လံမြို့ရှိ ပညာဂုဏ်ရည်ဘော်ဒါဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းတင့်က ဒေသတွင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသော အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်လာစေရန်၊ မူးယစ်ဆေးဝါး၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ်များကို ရှောင်ကြဉ်နိုင်ရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ဟောပြောပွဲနှင့်ပြပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများထံ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုရှောင်ကြဉ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် လူငယ်များ ဖတ်ရှုလေ့လာသင့်သည့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် ကော်ဖီစိုက်ကေပေါင်း ၁၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

ဘားအံ မေ ၁၈

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ကရင်ပြည်နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် ကော်ဖီစိုက်ကေပေါင်း ၁၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရန်ရည်ရွယ်ပြီး ကော်ဖီပျိုးပင်များကို အခမဲ့ဖြန့်ဝေ၍ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ရာ လက်ရှိတွင် ကော်ဖီပျိုးပင်ပေါင်း ၂၀၀၀၀ ကျော် ပျိုးထောင်ထားကာ ကော်ဖီစိုက်တောင်သူများအတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာသင်တန်းများနှင့် ဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ကရင်ပြည်နယ်မှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ကော်ဖီစိုက်ကေပေါင်း ၁၀၅၆၆ ကေ စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ဒီဘဏ္ဍာနှစ်မှာလည်း ကော်ဖီစိုက်ကေပေါင်း ၁၁၁၅ ကေ တိုးချဲ့စိုက်ပျိုးပါမယ်။ မိုးဦးကျအချိန်ကနေ စတင်စိုက်ပျိုးမှာဖြစ်ပြီး လက်ရှိ ကော်ဖီပျိုးပင်ပေါင်း ၂၀၀၀၀ ကျော်ကို အဆင်သင့်ပျိုးထောင်ထားပြီးဖြစ်ပါတယ်"ဟု ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ကပြောသည်။

ယခုအခါ ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးရန် မြေနေရာပြင်ဆင်ခြင်းနှင့် ကျင်းတူးခြင်းများ စတင်ဆောင်ရွက်နေပြီး လာမည့်ဘဏ္ဍာနှစ်တွင်လည်း ကော်ဖီစိုက်ကေများ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကာ ထွက်ရှိလာသောကော်ဖီစေ့များကို ကရင်ပြည်နယ်အတွင်းသာမက တခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ပအထိတင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ထိုသို့ ကော်ဖီပင်များတိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကော်ဖီပင်များကို တောင်ကုန်း၊ တောင်စောင်းများ၌ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်နိုင်ခြင်းနှင့် တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရှာဖွေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

ကျွန်ုပ်လည်း လေးရက်တိုင်တိုင် ကတ္တူပေါ်၌ ဘာက အစချီ၍ ဘယ်လိုပြောလိုက်မည်ဟု စီစဉ်လာခဲ့သမျှတို့မှာ ကြက်ပျောက် ငှက်ပျောက် ဦးနှောက်များပင် ခြောက်လျက် "ဟုတ်ကဲ့ ကျွန်တော်" ဟူသော စကားနှစ်လုံးသာ ပါးစပ်ကထွက်လျက် စကားထစ်အဲထစ်အဲ ဖြစ်နေရ၏။ အဘိုးထံ ပြန်ဝင်ချဉ်းကပ်ဖို့ဇော အဘယ်မျှပင် သန်ကာ ပြန်လာရင်းနီးလိုခဲ့စေကာမူ ယခုကဲ့သို့ နဖူးတွေ့ဒူးတွေ့ ရောက်နေသောအခါ၌ကား စကားစဖော်ရန် အတော်ပင်ခဲယဉ်းနေသည်ကို တွေ့ရ၏။

ထိုအခါတွင် ဆိုဖာပေါ်ကလူကြီးက ကျွန်ုပ်အား မျက်မှောင်ချီ၍ ကြည့်လိုက်ပြီးနောက် ချက်ချင်း မျက်နှာထားကို ပြင်လိုက်ပြီးလျှင် "ပြောပါလေ ... ဘာကိစ္စလဲ၊ ငွေချေးချင်လို့လား ... ဒါမှမဟုတ် သတ္တုကြောတွေ့ထားတာရှိလို့လား ... ဒါမှမဟုတ် သစ်တောလိုင်စင် ပြန်ရောင်းချင်လို့လား ပြောပါ၊ ပြောပါ အားမနာပါနဲ့ မောင်ရင်က လူသစ်ထင်ပါရဲ့။ ကျွန်ုပ်တို့နဲ့ တစ်ခါမှမဆက်ဆံခဲ့ဖူးသေးဘူးနော် ... ဟုတ်လား ... ငွေကိုင်စာရေး စာရင်းကိုင်စာရေးတွေတော့ ပြန်သွားကြပြီ။ ဒါပေမဲ့ ကိစ္စရှိရင် ပြောလေ ဦးဒေါနဆိုတာ ကျုပ်ပဲ" ဟု တိုက်တိုက်တွန်းတွန်း မေး၏။

ဤ၌ ကျွန်ုပ်လည်း ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်၍နေသူမှာ ကျွန်ုပ်၏ ဦးလေးအရင်းခေါက်ခေါက်၊ ကျွန်ုပ်၏မိခင် ဒေါ်စောလှ၏အစ်ကိုကြီး ဦးဒေါန ဖြစ်နေကြောင်းကို သိရပေသည်။ ဦးလေးဦးဒေါနမှာ ကျွန်ုပ်အား လုပ်ငန်းတစ်ခုခုလုပ်ရန်ကိစ္စနှင့် လာရောက်သူတစ်ဦးဟု အထင်ရောက်နေပုံရ၏။ ထို့ကြောင့်လည်း အလုပ်စခန်းများကိုသာ လမ်းကြောင်းပေးလျက် ကျွန်ုပ်ထံမှ စကားစ ချူလိုက်၏။

ကျွန်ုပ်ကား "ကျွန်တော် ခင်ဗျားတူ မောင်ကံကောင်းဗျ၊ အဘိုးဆီကို ပြန်ကပ်ချင်လို့လာတာ" ဟု အဘယ်သို့ ပြောနိုင်ပါမည်နည်း။ ပြောရမည့်စကားမှာ ဤစကားမျှသာဖြစ်၏။ သို့သော် စက်ချုပ်သမားအချင်းချင်း ကတ်ကြေးငှားရာ၌ပင် ကတ်ကြေးပေးစမ်းဟု တဲ့တိုးဆိုမည့်အစား "ဘယ့်နှယ် ကိုယ့်လူကိုယ့်ဆရာ ကတ်ကြေးက စက်ခုံတကာမှာ ဗိုလ်ဆွဲနေတယ်လို့ သတင်းကြားတယ် ... ဘယ့်နှယ် ... စမ်းမကြည့်ရဘူးလား ..." ဟု ဒေးလ်ကာနယ်ဂျီ၏နည်းကို သုံးလိုက်လျှင် ကတ်ကြေးငှားရသူကပင် အိမ်တိုင်ရာရောက် လာ၍ပို့တတ်လေရာ ကျွန်ုပ်မှာ အိမ်ကြီး၏အရှိန်ဖြင့် နှုတ်ဆွံ့နေသည်လည်းဖြစ်သောကြောင့် "ငွေချေးဖို့လာတာမဟုတ်ပါဘူး ခင်ဗျာ ... ကျွန် ... ကျွန်တော် အဲ ..."ဟု စကားအမြီးပြတ်နေရပြန်၏။

ထိုအခါတွင် တစေ့တစောင်းနားထောင်နေသော မောင်ညိမ်းအောင်ကို ဦးဒေါနက တစ်ချက်လှမ်း၍ ကြည့်လိုက်၏။ အနား၌ ယောင်လည်လည်လုပ်နေသော မောင်ညိမ်းအောင်လည်း ဤတွင် ကျွန်ုပ်ဘက်သို့ မျက်နှာမူလာကာ "ငွေချေးဖို့လာတာမဟုတ်ရင် လာတဲ့ကိစ္စကိုပြောလေ မပြောရင် ဘယ်ပြီးမတုန်း" ဟု ခပ်ဆတ်ဆတ်ပြောလိုက်၏။ မောင်ညိမ်းအောင်၏အသံမှာ ငေါက်သံအရိပ်အငွေ့မကင်းပေ။ ထို့ပြင် နူးညံ့လှသော အဖိုးတန် ကတ္တီပါပေါ်၌ ပန်ဂျပ်ဘန်ကောက်၊ ပဒုမ္မာရာစေ့အကျီဖြူတို့ကို ဝတ်ဆင်လျက်တစ်သက်လုံးနေလာခဲ့ရသော ဘုန်းကြီးကျောင်းမှ ပါလာသည့် (ဘဂဝါ) ကိုယ်ဟန်အမူအရာဖြင့် ထိုင်နေသော ကျွန်ုပ်၏သွင်ပြင်ကိုလည်း လူတခြားဆိုဖာတခြားနေသည်ဟု အတွင်းကျိတ် အမြင်ကတ်နေသော လက္ခဏာကိုလည်း မသိမသာပြသယောင်ရှိ၏။

မောင်ညိမ်းအောင်၏ စကားနှင့်ဆက်၍ ဦးလေးဦးဒေါနက "အားနာဖို့မရှိပါဘူးကွဲ့၊ ပြောစရာရှိတာကို သာပြောပါ။ ဦးတို့ကလည်း ဦးတို့အဖေကြီး မမာနေတာရှိနေလေတော့ အချိန်သိပ်ပြီး မအားလပ်ကြဘူးကွဲ့" ဟု ပြောရင်း ကျွန်ုပ်လာရင်းစွဲအကြောင်းခံကို မသိသေးသည့်အတိုင်း ဆက်၍ အကဲခတ်နေ၏။ ထိုသို့ ဦးဒေါနကပြောလိုက်သောအခါမှ ကျွန်ုပ်လည်း စကားစရှာ၍ တွေ့တော့ကာ တံတွေးတစ်ချက်မျိုချရင်းက ...

"ဟုတ်ကဲ့ ကျွန်တော်လည်း ... ဒီအကြောင်းကိုကြားတာနဲ့ အခုလာတာပါပဲ" ဟု ပြောလိုက်ရ၏။ ထိုအခါတွင် ဦးဒေါနမှာ ပြုံး၍လာပြန်လျက် "သြော် ... မောင်က ဦးတို့ဖခင်ကြီးမမာတာကို အကြောင်းပြုပြီး လာခဲ့တာကိုး ... အဲ ... အဲ ... မောင်က ဆေးဆရာတော့ မဟုတ်ပါဘူးနော်" ဟု ဆို၏။ ဤသည်ကိုထောက်လျှင် အဘိုးဦးနကီ မမာနေသည်ကို မျက်နှာကြီးဖြစ်သဖြင့် ဆေးဆရာပေါင်းများစွာ ဖွတ်ဝင်၍ ကုနေကြကြောင်း သိနေပေ၏။

"မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် ဆေးဆရာ မဟုတ်ပါဘူး လာခဲ့တာကတော့" ဟု စကားအရှိန်ရစပြုသဖြင့် ရှောရှောရှူရှူ ကျွန်တော်ပြောနေဆဲတွင် ဦးဒေါနက စကားဖြတ်၍ "တော်ပါသေးရဲ့ မောင်ရယ် ... ဆေးဆရာတွေ လာလွန်းလို့ ဦးတို့ဖြင့် မျက်နှာသိပ်ပူရတာပဲကွဲ့။ သြော် ... လက်စသတ်တော့ မောင်က ဦးတို့ဖခင်ကြီးမမာတာကို မေးဖို့စမ်းဖို့ မိဘက လွှတ်လိုက်လို့လာခဲ့တာထင်ပ့ါ ... ဟုတ်စ၊ နို့ .. နေပါဦး မောင့်မိဘရဲ့နာမည်က ဘယ်သူတုံး ... ဦးတို့နဲ့ အဆက်အဆံရှိတယ်ထင်ပါရဲ့ ဟုတ်လား။ ဦးတို့က ဆက်ဆံသူတွေများတော့ အတော်မှတ်မှပဲ မှတ်မိတော့တယ်မောင်ရေ့။ ဒီအိမ်ကို မောင်အရင်က ရောက်ဖူးသလား"ဟု စကားဆက်၍ ပြောနေပြန်၏။

သူ၏စကားကိုနားထောင်ရင်း ကျွန်ုပ်မှာ "ကျွန်တော့်အမေက တခြားလူမဟုတ်ဘူးဗျို့။ ခင်ဗျားနှမအရင်းခေါက်ခေါက် မစောလှဗျ"ဟု အသံကုန်အော်ဟစ်လိုက်ချင်၏။ သွေးရင်းခေါက်ခေါက်ဖြစ်ပါလျက် သူစိမ်းထင်ခြင်းကို ခံ၍နေရသည်မှာ အတော်ပင် အခံရခက်လှပေသည်။ ထို့ကြောင့် ဦးဒေါနစကားအဆုံး၌ ကျွန်ုပ်က . . .

"ကျွန်တော့်အမေနာမည်က ဒေါ်စောလှပါ" ဟု စကားစလိုက်သည်တွင် ဦးဒေါနလည်း တစ်ချက်တွေ၍ သွားရာက "နေပါဦးကွဲ့ ဘယ်က ဒေါ်စောလှပါလိမ့် ... ကျိုက္ခမီက ဒေါ်စောလှလား အို ... မဟုတ်သေးပါဘူး။ ကျိုက္ခမီက လှထောင်က ဒေါ်စောလှကပဲ။ ပြီးတော့ မောင့်အရွယ်သားကြီးရှိမှန်းလည်း မကြားဖူးပါဘူး။ ပြောစမ်းပါဦးကွယ် ဦးတို့က ဆက်ဆံရတဲ့မိတ်ဆွေတွေများလွန်းတော့ နာမည်တွေတောင်မေ့သကွဲ့။ လူကိုမြင်လို့ မှတ်မိပေမယ့် နာမည်ကိုမေ့လို့ တစ်ခါတစ်ခါမှာ အတော်ခွကျရတယ်။ ကဲ ... ဆိုစမ်းပါဦး"ဟု မေး၏။ ဤမေးခွန်းကား ကျွန်ုပ်အတွက် အကွက်ဖော်၍ပေးလိုက်သော မေးခွန်းပင်ဖြစ်၏။ ထို့ကြောင့် အခွင့်အလမ်း လှစ်ခနဲပေါ်ရာတွင် ဖမ်းဖြစ်အောင်ဖမ်းလိုက်မှ သင့်မည်ဟူသောစိတ်ဖြင့် ဇွတ်မိုတ်ကာ "ကျွန်တော့်မိခင် ဒေါ်စောလှဆိုတာ တခြားလူမဟုတ်ပါဘူးခင်ဗျာ ... ဦးရဲ့နှမအရင်း ဒေါ်စောလှပါ" ဟု ပြောချလိုက်ရသည်၌ ဦးဒေါနလည်း ရှေးဦးစွာ ပါးစပ်ကြီးဟောင်းလောင်းပွင့်လျက် ကြက်သေကြီးသေနေ၏။ ထို့နောက် မျက်နှာကြီးအိုု၍ သွား၏။ ထို့နောက် တောက်တစ်ချက်ခေါက်၏။ ထို့နောက် ကျွန်ုပ်အား တစ်စုံတစ်ခုပြောမည်ဟု ဟန်ပြင်သလို နှုတ်ခမ်းတရွရွဖြစ်၏။ ထို့နောက် ထိုင်ရာမှ ရုတ်ခနဲထလိုက်၏။ ထို့နောက် ချာခနဲလှည့်၍ အိမ်တွင်းခန်းသို့ ခြေသံပြင်းပြင်းနင်းကာ ဝင်၍သွားလေတော့သည်။

ထိုအဖြစ်အပျက်များမှာ ခဏကလေးအတွင်း၌ ဆင့်ကဲဆင့်ကဲ လျင်မြန်စွာဖြစ်ပျက်သွားကြသဖြင့် ကျွန်ုပ်မှာ ကြောင်၍ကြည့်ရင်း ငုတ်တုတ်ကြီးကျန်ရစ်ခဲ့ရပေသည်။ ဘာမှ ပါးစပ်ကမပြောနိုင်။ အာစေးထည့်၍ ထားဘိသကဲ့သို့ရှိ၏။ တစ်ကိုယ်လုံးလည်း ထူပူမွန်ထူ၍ သွားရလေတော့သည်။

သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ကြောင်အမ်းအမ်းကြီးခံ၍ ဘာမျှမလုပ်တတ်တိုင်း ငုတ်တုတ်ကြီး ထိုင်၍နေမိ၏။ ကိုယ့်အခြေအနေကို ဘာကစတွေး၍ ဘာကိုတပ်ရမှန်းမသိနိုင်အောင် ဖြစ်နေရပေသည်။ ဤအခိုက်တွင် "ထွီ"ခနဲ တံတွေးတစ်ချက် ထွေးလိုက်သောအသံက ကျွန်ုပ်အား ကိုင်၍လှုပ်လိုက်သလို ဖြစ်သွားစေ၏။ ထိုအခါတွင်မှ ကျွန်ုပ်သည် ရှက်ဇောဖြင့် မြော၍နေရာက ပြန်၍သတိဝင်လာ၏။ "ထွီ"ခနဲ တံတွေးထွေးလိုက်သူမှာ မောင်ညိမ်းအောင်ပင်ဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**



# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (ခရိုင်အဆင့်) ပန်းချီ ကာတွန်း ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကျင်းပ



မြောင်းမြ မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့၌ ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် (၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (ခရိုင်အဆင့်) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို မေလ ၁၈ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် ကော်မတီဝင်များ၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်နှင့် တာဝန်ရှိသူများက မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူ ၆၉ ဦး၏ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီးအဆင့်အနေဖြင့် ပုသိမ်မြို့၌ ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျင်းပမည့်(၂၉)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၊ မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့်သာသနိကအဆောက်အအုံများပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်ငါးဆူကို ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကန်တော့ပြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များပြန်လည်ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးရင်ပြင်တော်ရှိ စိန်နှင့်မြကျောင်းတိုက်သို့သွားရောက်၍ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့်ဘုရားရင်ပြင်တော်ရှိနေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော်ထားရှိရာအဆောင်နှင့် အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများကို မူလလက်ရာမပျက်ပြန်လည်ပြုပြင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်ငါးဆူကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ကိန်းဝပ်သီတင်းသုံးတော်မူရာ ရင်ပြင်တော်ရှိ သာသနိကအဆောက်အအုံအချို့သည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါပျက်စီးခဲ့မှုများအား နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ရာမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရား မူလကျောင်းဆောင်အောက်ခြေသံကူကွန်ကရစ်ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော်အရှေ့ဘက်၊ အနောက်ဘက်မုခ်ဦးစောင်းတန်းလှေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်း တောင်ဘက်မုခ်လှေကားနှင့် မြောက်ဘက်အာရုံခံတန်ဆောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက်အဆောင် ၁၀၀ ရာခိုင်နှုန်း၊ မြောက်ဘက်မုခ်ရှိ လှေကားအနေဖြင့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ်မတ်စောက်သည့်အတွက် လှေကားအသစ်ပြန်လည်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား လိုက်လံကြည့်ရှုစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် မေ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်နီလာနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။


(၁၀၀)

# (၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် မေ ၁၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့၌ မေလ ၁၃ ရက်မှ ၁၇ ရက်အထိကျင်းပသည့် (၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

မေလ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Roman Chekushov နှင့်တွေ့ဆုံ၍ အမှတ်(၁) သံမဏိစက်ရုံ(ပင်းပက်)ဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် MSME ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး



ကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် Tyazhpromexport Co.,Ltd.(TPE)နှင့်တွေ့ဆုံပြီး အမှတ်(၁) သံမဏိစက်ရုံ(ပင်းပက်)နှင့်စပ်လျဉ်းသည့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မေလ ၁၄ ရက် နံနက်ပိုင်းတွင် (၁၇) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာစီးပွားရေး ဖိုရမ်နှင့်စပ်လျဉ်း၍ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်ပြီး ကာဇန် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြခန်း (Kazan Expo International Exhibition Center)တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခေတ် ကုန်ဆုံးချိန်တွင် စီးပွားရေးလုပ်ငန်း လွတ်လပ်မှုနှင့် နည်းပညာဆိုင်ရာ အချုပ်အခြာအာဏာကို သေချာစေခြင်း ( Ensuring Freedom of Economic Activity and Technology Sovereignty in the Context of the end of the era of Globalization) ဆွေးနွေးပွဲသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အစ္စလာမ်မစ်နိုင်ငံများတွင် ရုရှားထုတ်ကုန်များကို မြှင့်တင်ခြင်း (Promotion of Russian Product in the Countries of the Islamic World) ဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် တာတာစတန်ပြည်နယ် အကြီးအကဲ Mr. Rustam Minnikhanov နှင့်တွေ့ဆုံ၍ တာတာစတန်ပြည်နယ်သည် ရေနံဓာတုလုပ်ငန်း၊ Mechanical Engineering IT၊ စိုက်ပျိုးရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု၊ ရုရှားနှင့် မြန်မာကြားရှိ ဆက်ဆံရေးကိုအခြေခံ၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေး၊ Dr. Kz Rais ၏ ၂၀၂၂ ခုနှစ်၌ မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များ၊ ကုန်သွယ်ရေးနှင့် Alabuga Sez သို့ လုပ်သားစေလွှတ်ရေး၊ LoI နှစ်စောင်လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ လုပ်သားများအချိန်မီစေလွှတ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မေလ ၁၅ ရက်တွင် အိုမန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး ရေနံထွက်ကုန်များ၊ LNG တင်သွင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ့လယ်ယာထွက်ကုန် ဆန်၊ သရက်သီး၊ ကော်ဖီ၊ ပဲမျိုးစုံတင်ပို့နိုင်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Sber Bank ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ Gigachal AI တည်ဆောက်ထားသော AI Cyber Security ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ကြသည်။

မေလ ၁၆ ရက် ညပိုင်းတွင် ကာဇန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး Mr. Rustam Khusainovich က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မေလ၁၇ရက်ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

# တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လေးဦးအစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၃ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၂/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲပါအတိုင်းအစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၂၇၇၀<br>ဗိုလ်မှူးချုပ် ညီညီအောင် | အစား | ကြည်း ၂၉၁၉၇<br>ဗိုလ်မှူးချုပ် ကျော်လင်းအောင် |
| ( ခ ) | ကြည်း ၃၄၁၆၅<br>ဗိုလ်မှူးကြီး မြင့်ကို | အစား | ကြည်း ၂၇၄၇၂<br>ဗိုလ်မှူးကြီး မျိုးမြင့်အောင် |
| ( ဂ ) | ကြည်း ၂၈၄၅၁<br>ဒုတိယဗိုလ်မှူးကြီး အောင်နီ | အစား | ကြည်း ၂၇၉၂၉<br>ဗိုလ်မှူးကြီး ဇော်မြင့်ဦး |
| (ဃ) | ကြည်း ၂၅၂၉၅<br>ဗိုလ်မှူး ဇော်ဇော်မိုး | အစား | လေ ၂၀၈၄<br>ဗိုလ်မှူးကြီး အောင်မျိုးကျော် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၄ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၃၂၂<br>ဗိုလ်ကြီး ဝဏ္ဏနိုင် | အစား | ကြည်း ၃၈၂၈၉<br>ဗိုလ်မှူး မင်းသုခလှိုင် |

( ခ ) **ရခိုင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၇၄၁၆၉<br>ဗိုလ်ကြီး လွင်အောင်မြတ် | အစား | ကြည်း ၅၃၇၆၄<br>ဗိုလ်ကြီး မျိုးညွန့် |

( ဂ ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၂၇၆<br>ဗိုလ်ကြီး ဝဏ္ဏစိန်မြင့် | အစား | ကြည်း ၅၃၈၈၄<br>ဗိုလ်ကြီး ကျော်သူနိုင် |

(ဃ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၉၆၇၃<br>ဗိုလ်မှူး အောင်ဇော်ထိုက် | အစား | ကြည်း ၄၅၀၄၉<br>ဗိုလ်မှူး ဇာနည်စိုး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့ အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် မေ ၁၈**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင်အောင်မြင်တော်မူကြသည့်သာသနာ့အာဇာနည်အရှင်သူမြတ်များအား အောင်လက်မှတ်၊ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၈၈ ခုနှစ် နယုန်လဆန်း ၁၄ရက်၊၂၀၂၆ခုနှစ်မေလ ၂၉ရက်(သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒတစ်ပါး၊ မူလအာဘိဓမ္မိက သုံးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ ခုနစ်ပါး၊ ဝိနယဓရ ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး စုစုပေါင်း သံဃာတော် ၁၃၃ ပါး တို့အား လှူဖွယ်ပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲမှ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၂၂၂၂၄၈၄၊ ဒုတိယညွှန်ကြားရေးမှူးဖုန်း၀၉-၄၃၀၆၇၁၆၈ သို့ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

# ဘားအံမြို့၌ မြန်မာ့ရိုးရာလက်ဝှေ့ အခြေခံသင်တန်းနှင့် ဘာသာရပ်ဆိုင်ရာအရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်လှစ်

**ဘားအံ မေ ၁၈**

နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ အားကစားသမားကောင်းများပေါ်ထွန်းလာစေရေး ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းအတွက် ငွေကျပ် ၃၆၉ သိန်းကို သင်တန်းနည်းပြများထံ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ လက်ဝှေ့ကလပ် ၂၀ မှ အသက် ၁၅ နှစ်မှ ၂၅ နှစ်အကြား သင်တန်းသား ၈၆ ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၁၀၀ ဦးတက်ရောက်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ဝမ်ချိုင်း၊ စောငမန်းတို့ပါဝင်သော သင်တန်းနည်းပြ ၁၃ ဦးက မေလ ၁၈ ရက်မှ ဇွန်လ ၁ ရက်အထိ ၁၄ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ထို့နောက် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် ဘားအံတက္ကသိုလ် ဆရာ၊ ဆရာမများ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့် မွမ်းမံသင်တန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပါမောက္ခချုပ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဘားအံတက္ကသိုလ် ဆရာ၊ ဆရာမများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေးစည်းဝေး

**မော်လမြိုင် မေ ၁၈**

မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကလေးငယ်များရဲ့အနာဂတ်ကို လက်တွေ့ အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ် အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံ အဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် ၂၀-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၇-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဓားပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဆီးချိုနှင့် အင်ဆူလင်

မိမိ၏ဆီးချိုကိုထိန်းနိုင်ရန် အင်ဆူလင်ထိုးနေရချိန်တွင် အင်ဆူလင်၏ဘေးထွက်ဆိုးကျိုးများကို စိတ်ပူစရာမလိုဟု ထင်နေနိုင်သည်။ အများစုက အင်ဆူလင်ထိုးနေချိန်တွင် အဆိုပါဆိုးကျိုးများ မတွေ့ကြုံရဟုဆိုသော်လည်း ဖြစ်နိုင်ခြေပြဿနာများရှိသည်။

**အင်ဆူလင်နှင့်ဓာတ်မတည့်ခြင်း**

လူနည်းစုတွင် အင်ဆူလင်နှင့်ဓာတ်မတည့်ခြင်းကြုံရသည်။ အင်ဆူလင်ထိုးချိန်တွင် အရေပြားရောင်လာပါက ဆေးကုသမှုချက်ချင်းခံယူသင့်သည်။ ဥပမာ- လျှာရောင်လာပြီး ရင်ကျပ်လာလျှင်၊ အသက်ရှူရခက်ပြီး မူးဝေလာလျှင်၊ သတိလစ်သွားလျှင် တစ်စုံတစ်ယောက်က ချက်ချင်းအကူအညီပေးနိုင်သည့်နေရာဖြစ်ရန်လိုသည်။

**သွေးတွင်းဂလူးကို့စ်နည်းခြင်း**

သွေးတွင်းဂလူးကို့စ်နည်းခြင်းသည် အဖြစ်အများဆုံးနှင့် အဆိုးရွားဆုံးအင်ဆူလင်၏ဘေးထွက်ဆိုးကျိုးဖြစ်ပြီး အမျိုးအစား-၁ ဆီးချိုရောဂါ၏ ၁၆ ရာခိုင်နှုန်း၊ အမျိုးအစား-၂ ဆီးချိုရောဂါ၏ ၁၀ ရာခိုင်နှုန်းရှိသည်။

ပြင်းထန်သည့်အစပိုင်းတွင် အသိစိတ်ရှုပ်ထွေးခြင်း၊ ချွေးထွက်များခြင်း၊ နှလုံးခုန်မြန်ခြင်းများဖြစ်နိုင်ပြီး နောက်ပိုင်းတွင် ကြာရှည်စွာ သတိလစ်ခြင်း၊တက်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အာရုံကြောချို့ယွင်းခြင်းတို့ဖြစ်နိုင်သည်။

ထို့ပြင် အင်ဆူလင်အမျိုးအစားပေါ်မူတည်ပြီး ဆိုးကျိုးဖြစ်နိုင်ခြေရှိသည်။မိမိအနေဖြင့် အင်ဆူလင်ဆေးအသစ်ကိုသုံးမည်ဆိုလျှင် အမျိုးအစားအလိုက်ဖြစ်သော ဆိုးကျိုးကိုဖတ်ရှုသင့်သည်။ အင်ဆူလင်အပေါ် တုံ့ပြန်ခြင်းသည် တွေ့လေ့တွေ့ထမရှိလျှင် မိမိအနေဖြင့် ဘေးထွက်ဆိုးကျိုးဖြစ်နိုင်ခြေများကိုသတိပြုရန်လိုသည်။ ဓာတ်မတည့်ဖြစ်ပွားခြင်း သို့မဟုတ် မိမိအနေဖြင့် သိရှိခြင်းသည် မိမိကျန်းမာရေးအတွက်သာမက ဆီးချိုရောဂါနှင့် သက်တမ်းစေ့ ကျန်းမာစွာနေထိုင်သွားလာနိုင်ရေးအတွက် အရေးကြီးသည်။

ဆီးချို၊ သွေးချိုလူနာများကိုကုသသည့်အခါ ပထမအချက်အနေဖြင့် အစာအာဟာရ၊ လေ့ကျင့်ခန်းဖြင့်ကုသသည်။ ဒုတိယအချက်အနေဖြင့် သောက်ဆေး (မက်ဖော်မင်)ဖြင့်ကုသသည်။ တတိယအချက်အနေဖြင့် အင်ဆူလင်ထိုးဆေးဖြင့်ကုသသည်။

အင်ဆူလင်ထိုးပြီးလျှင် အစာစားရသည်။ ထိုးရမည့်အချိန် အချက်နှစ်ချက်ရှိသည်။ အမျိုးအစား-၁ ဆီးချို သို့မဟုတ် ကလေးဆီးချိုများတွင် ရောဂါစတင်သည့်အချိန်မှစပြီး ထိုးနှံသည်။ ၎င်းတို့ကိုယ်ထဲတွင် အင်ဆူလင်ဟော်မုန်း ၉၀ ရာခိုင်နှုန်းမရှိပါ။ အမျိုးအစား-၂ ဆီးချိုက ခံစားရသည့်ဝေဒနာပေါ်မူတည်ကာ ဆေးထိုးရသည့်အခါ အချက်သုံးချက်ရှိသည်။

**"အင်ဆူလင်သုံးပြီးချိန်တွင် အချိုဓာတ်နည်းခြင်း ဖြစ်လာနိုင်သည်။ အင်ဆူလင်သည် သွေးတွင်းဂလူးကို့စ်ကိုလျှော့ချရာတွင် လျှော့ချခြင်းလွန်သွားပြီး သကြားဓာတ် အလွန်အမင်းကျဆင်းသွားတတ်သည်။ အချိုနည်းခြင်း၏လက္ခဏာများကို မှတ်သားလေ့လာရန် အရေးကြီးသည်။ အချိုနည်းခြင်း၊ အချိုဓာတ်လျော့၊ မလျော့ကို ဆီးချိုတိုင်းစက်ဖြင့်စစ်နိုင်ပြီး ကစီဓာတ်များသောအစာများစားခြင်းဖြင့် ကုသနိုင်သည်။**

**အင်ဆူလင်၏ တခြားဖြစ်နိုင်ခြေဆိုးကျိုးများမှာ ကိုယ်အလေးချိန်တက်ခြင်း၊ တခြားဆေးဝါးများနှင့်ဓာတ်ပြုခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ချင်စိတ်ဖြစ်ပေါ်ခြင်း စသည်တို့ဖြစ်သည်။ အင်ဆူလင်ဖြင့်ကုသနေချိန်တွင် ကယ်လိုရီများပြီး ကိုယ်အလေးချိန်တက်နိုင်ခြေရှိသဖြင့် အစားအစာ၊ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ဖြင့် ထိန်းသိမ်းရန်လိုအပ်သည်. . ."**

မိမိတွင် အချိုဓာတ်နည်းခြင်းဖြစ်ရန်အလားအလာရှိပြီး အချိုဓာတ်နည်းခြင်း၏လက္ခဏာများကိုမမှတ်မိပါက သွေးတွင်း သို့မဟုတ် ဆီးတွင်းဂလူးကို့စ်ဓာတ်ကို စစ်ဆေးရန်လိုအပ်သည်။

မိမိသည် အင်ဆူလင်ဆေးသွင်းကုသမှုကို ဆက်တိုက်ခံယူနေရပြီဆိုပါက အချိုဓာတ်နည်းခြင်းဖြစ်နိုင်ခြေမြင့်မားသည်။ ဆီးချိုရောဂါကုထုံးအများအပြားသည် မိမိ၏သွေးတွင်းဂလူးကို့စ်ကိုထိန်းညှိပေးသည်။ မိမိအနေဖြင့် ဂလူးကို့စ်ဓာတ်အလွန်နည်းမသွားရန် သို့မဟုတ် အလွန်တက်မလာရန် အမြဲသတိထားနေရသည်။

အင်ဆူလင်သုံးပြီးချိန်တွင် အချိုဓာတ်နည်းခြင်းဖြစ်လာနိုင်သည်။ အင်ဆူလင်သည် သွေးတွင်းဂလူးကို့စ်ကိုလျှော့ချရာတွင် လျှော့ချခြင်းလွန်သွားပြီး သကြားဓာတ်အလွန်အမင်းကျဆင်းသွားတတ်သည်။ အချိုနည်းခြင်း၏လက္ခဏာများကို မှတ်သားလေ့လာရန်အရေးကြီးသည်။ အချိုနည်းခြင်း၊ အချိုဓာတ်လျော့၊ မလျော့ကို ဆီးချိုတိုင်းစက်ဖြင့်စစ်နိုင်ပြီး ကစီဓာတ်များသောအစာများစားခြင်းဖြင့် ကုသနိုင်သည်။

အင်ဆူလင်၏ တခြားဖြစ်နိုင်ခြေဆိုးကျိုးများမှာ ကိုယ်အလေးချိန်တက်ခြင်း၊ တခြားဆေးဝါးများနှင့်ဓာတ်ပြုခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ချင်စိတ်ဖြစ်ပေါ်ခြင်း စသည်တို့ဖြစ်သည်။

အင်ဆူလင်ဖြင့်ကုသနေချိန်တွင် ကယ်လိုရီများပြီး ကိုယ်အလေးချိန်တက်နိုင်ခြေရှိသဖြင့် အစားအစာ၊ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ဖြင့်ထိန်းသိမ်းရန်လိုအပ်သည်။ အင်ဆူလင်အလွန်အမင်းသုံးစွဲသူများတွင် ကိုယ်အလေးချိန်ပိုတက်လာနိုင်သည်။

ပထမအချက်က ဆေးသုံးမျိုးပေးသည်၊ သောက်ဆေးဖြင့်ထိန်းမရသည့်အခါ အင်ဆူလင်ထိုးရခြင်းရှိသည်။ ထိုလူနာများအနေဖြင့် အင်ဆူလင် အမြဲထိုးရန်လိုအပ်သည်။

ဒုတိယအချက်က အမျိုးအစား-၂ ဖြစ်သည်။ ဆေးများသောက်နေသော်လည်း အကြောင်းကြောင်းကြောင့် ဆေးရုံတက်ရသည်။ လေဖြတ်၍ဖြစ်စေ၊ နှလုံးသွေးကြောကျဉ်း၍ဖြစ်စေ၊ ဖျားနာ၍ဖြစ်စေ၊ ခွဲစိတ်ရန်ဖြစ်စေ အကြောင်းအရာတစ်ခုခုဖြင့် ဆေးရုံတက်ရသည်။ ထိုအခြေအနေမျိုးတွင် ဆီးချို၊ သွေးချိုသမားများကို သောက်ဆေးခဏဖြတ်ကာ အင်ဆူလင်ထိုးသည်။ ပြန်ကောင်းသွားပြီး အိမ်ပြန်ရောက်လျှင် ဆီးချိုသောက်ဆေးကိုပြန်ပြောင်းသည်။ အမျိုးအစား-၁ ဆီးချိုသမားများ အမြဲထိုးရသည်။ အမျိုးအစား-၂ ဆီးချိုက သောက်ဆေးသုံးမျိုးဖြင့် မရဟုထင်လျှင် တစ်နေ့လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်အမြဲထိုးရသည်။ သို့မဟုတ် ဆေးရုံရောက်သွားသည့်အခါ ထိုးမည်။ အိမ်ပြန်ရောက်သော် ဆီးချိုဆေးပြန်သောက်မည်။ ယင်းမှာ ဆီးချိုလူနာများ အင်ဆူလင်ထိုးရမည့်အချက်များဖြစ်သည်။

ဆီးချို၊ သွေးချိုရောဂါက ခန္ဓာကိုယ်ထဲတွင် အင်ဆူလင်က အာနိသင်မပြည့်ဝ၍ဖြစ်သည်။ တကယ်တမ်း လိုနေသည့်အင်ဆူလင်ကို ပြန်ဖြည့်ပေးခြင်းက သဘာဝအကျဆုံးဖြစ်သည်။

အကြမ်းအားဖြင့်ဆိုလျှင် လူတို့၏ခန္ဓာကိုယ်ထဲတွင် အင်ဆူလင်ထုတ်သည့်စက်ရုံရှိသည်။ ယင်းက ပန်ကရိယ(မုန့်ချိုအိတ်)ဖြစ်သည်။ လူတို့ထမင်းစားလျှင် သွေးထဲတွင် သကြားဓာတ်မြင့်တက်လာသည့်အခါ လိုအပ်သော ပမာဏ ၂၀၀ ထက် ထပ်မတက်ရန်ထိန်းရသည်။ မည်သို့ထိန်းရမည်နည်းဆိုသော် အင်ဆူလင်စက်ရုံမှ အင်ဆူလင်ထွက်လာသည်၊ ပိုနေသည့်သကြားဓာတ်များကို ဆဲလ်များထဲ ရောက်သွားသည်။ ဆဲလ်များက စွမ်းအင်အနေဖြင့်သုံးသည်။ လူတစ်ကိုယ်လုံးအတွက် အသုံးပြုရန် စွမ်းအင်ပိုလာသည်။ ပိုနေသည့်သကြားဓာတ်ကို အသည်းထဲရောက်သွားပြီး သိမ်းလိုက်သည်။ ညဘက် အိပ်ပျော်နေချိန် အသည်းဆဲလ်မှ ဂလူးကို့စ်ပြန်ထွက်လာသည်။ ယင်းမှာ ပုံမှန်အလုပ်လုပ်ခြင်းဖြစ်သည်။

ပုံမှန်ထမင်းစားလိုက်သည့်အခါ အင်ဆူလင် ၁၀၀ ရှိသည်ဆိုလျှင် ၁၀၀ ထွက်သည်။ သွေးထဲတွင် သကြားဓာတ်က ၂၀၀ ထက်ကျော်မတက်ပါ။ အကယ်၍ ကလေးများတွင်ဖြစ်သော အမျိုးအစား-၁ ဆီးချိုတွင် စကတည်းက အင်ဆူလင် ၉၀ ရာခိုင်နှုန်းမရှိပါ။ ၁၀ ရာခိုင်နှုန်းသာရှိသည်။

မည်သည့်နည်းနှင့်မျှ ကျန်သည့်သကြားဓာတ်ကို ဆဲလ်ထဲမပို့နိုင်ပါ၊ အသည်းထဲတွင် မသိမ်းနိုင်ပါ။ ထို့ကြောင့် အင်ဆူလင်ကို အပြင်မှဖြည့်ပေးရသည်။

အမျိုးအစား-၂ ဆီးချိုတွင် တစ်ဦးနှင့်တစ်ဦးမတူညီပါ။ တချို့က အင်ဆူလင် ၅၀ ရာခိုင်နှုန်းထက် မရှိတတ်ပါ။ တချို့က ၅၀ ရာခိုင်နှုန်းသာကျန်သည်။ ထိုအခါ ပုံမှန်အတိုင်းစားမည်ဆိုလျှင် အင်ဆူလင်က နှစ်ဆအလုပ်လုပ်ရမည်။ ဆီးချိုထိန်းမရလျှင် သုံး- လေးဆပိုအလုပ်လုပ်ရသည်။ အသက်ကြီးလာလျှင် အင်ဆူလင်ထုတ်သည့်ဆဲလ်များ ၂၆ ရာခိုင်နှုန်းခန့်ပျက်စီးနေပြီဖြစ်သည်။ ဆီးချိုလူနာတစ်ဦးအနေဖြင့် တစ်နှစ်လျှင် အင်ဆူလင်ထုတ်သည့်နှုန်း ၂ ရာခိုင်နှုန်းပျက်သည်ဆိုပါက နှစ် ၂၀ ကြာပါက ၃၀ ရာခိုင်နှုန်းပျက်နေပြီး စကတည်းက ၅၀ ရာခိုင်နှုန်းသာရှိလျှင် ဆရာဝန်ထံရောက်လာပါက ၁၀ ရာခိုင်နှုန်းသာရှိသည်။ ထိုအချိန်တွင် သောက်ဆေးဖြင့် မည်သို့မျှထိန်းနိုင်မည်မဟုတ်ပါ။ အင်ဆူလင်ထိုးဆေးထိုးရသည်။ ၎င်းတွင် သကြားဓာတ်မထိန်းနိုင်လျှင် နောက်ဆက်တွဲဆိုးကျိုးများစွာဖြစ်နိုင်သည်။ ထို့ကြောင့် လိုအပ်ပါက အင်ဆူလင်ထိုးဆေးထိုးသင့်သည်။

အင်ဆူလင်ထိုးဆေးကို ရောဂါနှင့်ညှိ၍ပေးသည်။ လူနာများကို အင်ဆူလင်ထိုးခြင်းသည် တစ်နေ့လျှင်တစ်ကြိမ်၊ နှစ်ကြိမ် ထမင်းမစားမီဖြစ်သည်။ ထိုးပြီး ၅-၁၀ မိနစ်တွင် ထမင်း သို့မဟုတ် အစာစားသည်။ တစ်နေ့လေးကြိမ်ကို ဆေးရုံ၌ထိုးသည်။ ယင်းအင်ဆူလင်အမျိုးအစားကို သက်ဆိုင်ရာဆရာဝန်က ရှင်းပြမည်ဖြစ်သည်။ အင်ဆူလင်ထိုးရသည့်အခါ လူနာအနေဖြင့်(N) သို့မဟုတ် (G)ထိုးနေရပါက တစ်နေ့လျှင်တစ်ကြိမ်ထိုးရသည့်ဆေးကို ညဘက် ၉-၁၀ နာရီတွင် ထိုးခြင်းများသည် ထိုးပြီးသွားလျှင် အစာမစားလည်းရသည်။ ဆေးသုံးမျိုးသောက်သော်လည်း ဆီးချိုအမှတ် ၈၀-၁၃၀ အမြဲကျော်နေလျှင် အင်ဆူလင်ထိုးသင့်သည်။

ဆရာဝန်ကဆေးထိုးခိုင်းသဖြင့်ထိုးသည်။ သို့သော် ဆီးချိုမကျပါ၊ ဆီးချိုနှင့်ဆေးကိုညှိပေးပါ စသည်ဖြင့် တောင်းဆိုတတ်သည်။ ညကို ၁၀ ယူနစ်ထိုးမည်။ နံနက်ကို သွေးဖောက်စစ်မည်။ ဆီးချိုအမှတ် ၈၀-၁၃၀ ကြားရှိရသည်။ မရလျှင် ၂ ယူနစ်တိုး၍ ထိုးသည်။ ဆီးချိုအလွန်ကျသော် ၁ ယူနစ်လျှော့၍ထိုးသည်။ ထိုအခါ ဆေးကိုထိုးမည်ဆိုလျှင် ၃ ရက်မှ တစ်ခါထိုးသင့်သည်။ ၁၀ ယူနစ်ဖြင့် နေ့စဉ်သုံးရက်ထိုးကြည့်သင့်သည်။ ကျသွားလျှင် သို့မဟုတ် ပုံမှန်ထိန်းနိုင်ပြီဆိုလျှင် ၁၀ ယူနစ်ထိုးသည်။

ဆီးချိုအမှတ် ၈၀-၁၃၀ မရောက်လျှင်၊ မကျလျှင် ၁၂ ယူနစ်ဖြင့် သုံးရက်ထိုးသည်။ မနက်ဆီးချိုစစ်မည်။ ကိုယ်ပိုင်ဆီးချိုစက်နှင့် အင်ဆူလင်ထိုးဆေးအပ်ဝယ်ယူထားသင့်သည်။ မကျသေးလျှင် ၁၄ ယူနစ်နှင့် သုံးရက်ထပ်ထိုးမည်။ ၅၀ ယူနစ်ထိုး၍မှ ဆီးချိုမကျလျှင် ဆရာဝန်က တစ်နေ့လျှင် နှစ်ကြိမ်ပြောင်းလိုက်သည်။ ဥပမာ- နံနက်စာမစားမီ အင်ဆူလင် ၁၀ ယူနစ်၊ ညစာမစားမီ ၁၀ ယူနစ် စုစုပေါင်း ၂၀ ယူနစ် နေ့စဉ်ထိုးနှံကာဆီးချိုထိန်းနိုင်ပြီး လူ့သက်တမ်းစေ့နေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာလွင်သန့်**

---

## မင်းလှမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် ဆီထွက်သီးနှံမျိုးစေ့များပေးအပ်

မင်းလှ မေ ၁၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ဒေသတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးသန့်ပွားစိုက်ပျိုးမည့်တောင်သူများအတွက် ဆီထွက်သီးနှံမျိုးစေ့များပေးအပ်ပွဲကို မေလ ၁၇ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ဆီထွက်သီးနှံအထူးဇုန်-၂ ဧရိယာအတွင်း စိုက်ပျိုးမည့် အုပ်စုငါးအုပ်စုမှ တောင်သူများအတွက် နှမ်းနက်(၂/၁၄)မျိုးစေ့ တစ်ဧကလျှင် နှစ်ပြည်နှုန်း၊ နေကြာ ဆင်းရွှေကြာ-၂ မျိုးစေ့ တစ်ဧကလျှင်လေးပြည်နှုန်းနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆန်လျှော်မျိုးစေ့ တစ်ဧကလျှင် ငါးပြည်နှုန်းဖြင့် မျိုးသန့်မျိုးစေ့များပေးအပ်သည်။

မင်းလှမြို့နယ်အနေဖြင့် ၂၀၂၆-၂၀၂၇ စိုက်ပျိုးရာသီတွင် နှမ်းဧက ၆၀၀၀၀ ကျော်၊ မြေပဲ ဧက ၃၀၀၀ ကျော်နှင့် နေကြာဧက ၆၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပဲခူးဇုန်တွင်ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအား ကြိုဆို



ပဲခူး မေ ၁၈

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပဲခူးဇုန်တွင်ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး/ ပြည်နယ် ကိုယ်စားပြုဘောလုံးအသင်းများအား ကြိုဆိုသည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။


ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများအား အမှတ်တရဂုဏ်ပြု လက်ဆောင်များပေးအပ်သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားအသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါဘောလုံးပြိုင်ပွဲအုပ်စု(ခ)ပဲခူးဇုန်အုပ်စုပတ်လည်ပွဲစဉ်များကို ပဲခူးတိုင်းဒေသ ကြီး အားကစား ဥယျာဉ်ဘောလုံးကွင်း၌ မေလ ၁၉ ရက်မှ ၂၆ ရက်အထိ ပဲခူးတိုင်းဒေသကြီးအသင်း၊ နေပြည်တော်အသင်း၊ ချင်းပြည်နယ် အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (၄၁၀)

# စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

ဘားအံ မေ ၁၈

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ စိုက်ပျိုးသီးနှံများ အချိန်မရွေးစိုက်ပျိုးရေရရှိစေရန်ရည်ရွယ်၍ ရက် ၁၀၀ စီမံချက်ဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။



ထိုသို့စစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ခရိုင်/မြို့နယ် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက မုက္ကဒိကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ကျပ် ၃၈ သန်းဖြင့် မုက္ကဒိကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက်ပေ ၂၀၀ စက်ရေတွင်းတစ်တွင်း တူးဖော်ခြင်း၊ 3 HP Submersible Pump တပ်ဆင်ခြင်းနှင့် ဆိုလာ 7.32 KW တပ်ဆင်ခြင်းလုပ်ငန်းများကို ဧပြီလစတုတ္ထပတ်မှစတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ စိုက်ဧက ၅၃ ဧကအတွက် စိုက်ပျိုးရေများလုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၆၅ | ၄၇၅၅ | ၄၆၉၀ | ၄၅၈၀ | ၄၇၅၅ | ၄၇၆၅ | ၄၈၁၅ | ၄၆၆၀ | ၄၈၁၅ | ၅၁၃၅ | ၄၆၈၅ | ၄၈၆၀ | ၄၇၉၀ | ၄၇၄၀ | ၄၇၄၅ | ၄၉၅၅ |
| 95 Ron | ၄၆၄၅ | ၄၈၃၅ | ၄၇၇၅ | ၄၆၆၅ | ၄၈၃၅ | ၄၈၅၀ | ၄၉၀၀ | ၄၇၄၅ | ၄၉၀၀ | ၅၂၁၅ | ၄၇၆၅ | ၄၉၆၅ | ၄၈၇၀ | ၄၈၂၅ | ၄၈၂၅ | ၅၀၃၅ |
| HSD (500 ppm) | ၄၈၂၀ | ၅၀၀၀ | ၄၉၄၀ | ၄၈၃၅ | ၅၀၀၀ | ၅၀၁၀ | ၅၀၆၀ | ၄၉၁၀ | - | ၅၃၆၅ | ၄၉၃၅ | ၅၄၀၅ | ၅၀၃၅ | ၄၉၉၀ | ၄၉၉၀ | ၅၁၉၀ |
| HSD (50 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ | ၆၀၇၀ | ၆၃၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |
| HSD (10 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ | | ၆၃၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၃၀ | ၄၄၅၀ |
| 95 Ron | ၄၄၁၀ | ၄၅၃၂ |
| HSD (500 ppm) | ၄၅၉၁ | ၄၇၁၃ |
| HSD (50 ppm) | ၅၅၄၃ | ၅၆၈၃ |
| HSD (10 ppm) | ၅၅၄၃ | ၅၆၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရေကြောင်းလူငယ်အသိကြွယ်

❐ လူငယ်တွေ မျိုးဆက်သစ်
ပညာခေတ် ဤကမ္ဘာ။
ရေကြောင်းလူငယ် သင်တန်းများ
အားရဖွယ်သာ။
ဖွင့်လှစ်တဲ့ သည်ချိန်ခါ
တက်ကြွစွာ ပါဝင်လို့။
တပ်မတော်(ရေ) ပညာရပ်များ
တတ်အောင်သင်စို့။

❐ နိုင်ငံတော် ကာကွယ်ရေး
အလေးထားတဲ့ လူငယ်တွေ။
ပျိုမျစ်နုနယ် သူတို့အလှ
တက်ကြွလို့နေ။
နိုင်ငံအတွက် တပ်မတော်(ရေ)
မြတ်အမွေ ဆက်ခံရေး။
ရွှေနိုင်ငံ ရွှေခေတ်ကို
ထုဆစ်မယ်လေး။

❐ နွေရာသီ ကျောင်းပိတ်ရက်
ဆက်လက်လို့ ပညာသင်။
ကိုယ့်နိုင်ငံ ချစ်မြတ်နိုး
တန်ဖိုးထားလျှင်။
မြန်မာ့ပိုင်နက် ပင်လယ်ပြင်
ကာကွယ်ချင် စိတ်ဓာတ်မွေး။
ရေကြောင်းပညာ သင်ယူထားလို့
အားရတယ်လေး။

❐ ကောင်းအမွေ လက်ဆင့်ကမ်း
ဆန်းသစ်တဲ့ မြတ်ပညာ။
အတွေးအခေါ် အယူအဆ
တိကျသေချာ။
မောင်မယ်တို့အတွက် သည်အချိန်အခါ
ကြုံဆုံလာ အခွင့်အရေး။
မြတ်ပညာ အမွေအနှစ်မို့
ခေတ်မီဖို့လေး။

❐ လှေခွက်ချည်းကျန် အလံမလှဲ
ထူးကဲတဲ့ စိတ်ထားမှန်။
နိုင်ငံတော် ပြည့်အကျိုး
သယ်ပိုးဆောင်ရန်။
နိုင်ငံတော်၏ အစီအမံ
ကောင်းမွေစံ လူငယ်များ။
ရေကြောင်းလူငယ် သင်တန်းများ
တိုးပွားစေသား။ ။

**မန္တလာကိုကိုဝင်း**

# တရားမအထူးအယူခံမှု (၄)မှုကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၁၈

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသည့်ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့်အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၄ (မွန်)၊ ၃/၂၀၂၄ (ရန်ကုန်)၊ ၄/၂၀၂၄(ဧရာဝတီ)၊ ၅/၂၀၂၄ (ရန်ကုန်)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၄)မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၅ (မန္တလေး)၊ ၅၆/၂၀၂၅ (ဧရာဝတီ)၊ ၆/၂၀၂၄ (ရန်ကုန်)၊ ၇/၂၀၂၄ (ကချင်)၊ ၁၅/၂၀၂၄ (ကရင်)၊ စုစုပေါင်း တရားမ အထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇°C | / | ၃၈°C |
| ရန်ကုန် | ၂၇°C | / | ၃၆°C |
| မန္တလေး | ၂၈°C | / | ၃၉°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ






နေပြည်တော် မေ ၁၈

နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ကျင်းပရာ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးနှင့်ကော်မတီဝင်များက ဘာသာရပ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ခွဲဝေရန် တင်ပြလာသည့် ပညာသင်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများဆောင်ရွက်ကြပြီး နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ထူးခြားသည့်နေ့အပူချိန်များ

၁၈-၅-၂၀၂၄

| | | | | |
|---|---|---|---|---|
| ချောက် | ၄၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၀ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |

# ရန်ကုန်မြို့ရှိ နော်ဝေနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံဦးဆောင်သော အဖွဲ့နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး တွေ့ဆုံဆွေးနွေး



စစ်တွေ မေ ၁၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ရန်ကုန်မြို့ရှိ နော်ဝေနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Elisabeth Schwabe Hansen နှင့် ပထမအတွင်းဝန် Mr. Martin Nygaard တို့အား ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ယာယီနေရပ်စွန့်ခွာစုရပ်များတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများနှင့် IDPs စခန်းများတွင် နေထိုင်ကြသူများအား ထောက်ပံ့ပေးနေမှု၊ ဆက်လက်ထောက်ပံ့မည့်အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများ ဖော်ဆောင်ပေးရေး၊ ခရီးသွားလာခွင့်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ ညှိနှိုင်းဆွေးနွေး



နေပြည်တော် မေ ၁၈

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ ညှိနှိုင်းဆွေးနွေးခြင်းကို မေလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ကျင့်ဝတ်သိက္ခာစောင့်ထိန်းလိုက်နာမှုသည် အဖွဲ့အစည်း၏ အောင်မြင်မှုနှင့်တိုက်ရိုက်သက်ရောက်သဖြင့် အထူးအလေးထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပထမနေ့အဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်များကလည်းကောင်း၊ ဆွေးနွေးပွဲဒုတိယနေ့တွင် မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီးတို့မှစာရင်းစစ်ချုပ်များကလည်းကောင်း လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက စစ်ဆေးရေး၊ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ၁၈-၅-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

➢ ကျောဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီး ပြောကြားကြသည်၊ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့်အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအသီးသီးသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကိုကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင်အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက်တပ်မတော်တွင်ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်းပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို **စာမျက်နှာ ၁၂ သို့ ➢**




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

➢ **စာမျက်နှာ ၁၁ မှအဆက်**

ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီး သူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန် ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန်တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့်ပြည်သူအကြားယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခု





ဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သားမျိုးဆက်သစ်လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့် ပြည်သူတစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်တို့ အနေနဲ့ကတော့ တပ်အထိုင်ပါပဲ။ နောက်ချန်အင်အားအနေနဲ့ တာဝန်ယူပေးရတဲ့နေရာမှာ နေရတယ်။ ရှေ့တန်းစစ်ဆင်ရေးထွက်နေသူတွေ စားနပ်ရိက္ခာတို့ လက်နက်ခဲယမ်းတို့ကအစ လိုလေသေးမရှိအောင် အစစအရာရာပို့ပေးတဲ့နေရာကနေ တာဝန်ယူပေးရတယ်။ အတွေ့အကြုံကတော့ အသက်အန္တရာယ်ကြားထဲကလည်း အကောင်းဆုံးဖြတ်ကျော်ခဲ့ရတယ်။ အခက်အခဲလည်း မြောက်မြားစွာရှိတယ်။ ဒါပေမဲ့ စိတ်ဓာတ်မကျဘဲနဲ့ ဆက်လျှောက်သင့်တယ်လို့တော့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီမြေမှာကြီးပြီး ဒီရေကိုသောက်ပြီးတော့ လူငယ်တစ်ယောက်အနေနဲ့တော့ အကောင်းအဆိုးခွဲခြားပြီးတော့ သုံးသပ်သင့်တယ်လို့ ဘာပဲလုပ်လုပ်ပေ့ါ။ လူငယ်တစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို တာဝန်ကျေပွန်စွာနဲ့ ထမ်းဆောင်နိုင်ခဲ့ပြီလို့တော့ ထင်ပါတယ်။ ကျွန်တော်တို့ ဒီလိုနှစ်ပြည့်တဲ့အချိန်မှာ အတိအကျပြန်ခေါ်ပေးပြီးတော့ ဆုတံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်" ဟုပြောသည်။

"ကျွန်တော်ကတော့ တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတစ်ယောက်ပါ။ အတွေ့အကြုံအနေနဲ့ကတော့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရတာတွေ ကြုံတွေ့ခဲ့ရတာတွေ အများကြီးပဲပေ့ါ။ ကျွန်တော်တို့ အများကြီးသိခဲ့ရတာပေ့ါ။ အများကြီး စည်းစနစ်ကျသွားတယ်။ ကျွန်တော်တို့က အချိန်နဲ့တစ်ပြေးညီ လုပ်ကိုင်တတ်သွားတာတွေ အရေးကြီးရင်ကြီးသလို အလျင်လိုရင်လိုသလို အမြန်ဆုံးပြောင်းလဲရတာတွေ ရှင်သန်ရတာတွေ အဲဒီလို အများကြီးကွာခြားသွားပါတယ်။ ကိုယ့်ဘဝအတွက်တော့ အများကြီးအဓိပ္ပာယ်ရှိပါတယ်။ ပြည်သူ့စစ်မှုထမ်းတံဆိပ်ကို ကျွန်တော်တို့အနေနဲ့ လွယ်လွယ်ကူကူရရှိခဲ့တာမဟုတ်ပါဘူး။ နှစ်နှစ်တာကာလတာဝန်ထမ်းဆောင်ပြီးမှ ရရှိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အိုးစားဖက်တွေအတွက် လည်း ဂုဏ်ယူမိပါတယ်။ အချိန်ကာလတစ်ခုအထိ အတူတူစား၊ အတူတူသွားခဲ့တဲ့အတွက်သူတို့အတွက်လည်း အများကြီးဝမ်းနည်းဝမ်းသာဖြစ်မိပါတယ်" ဟုပြောသည်။ (၁၀၀)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Accountများအားမသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရေကြောင်းလူငယ် စွမ်းအားကြွယ် နောင်တစ်ခေတ်အတွက်ရည်ရွယ်

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်သူများအနေဖြင့် မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာခြင်းကို အစဉ်လိုလားလျက်ရှိကြသည်။ ယနေ့ကမ္ဘာတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အား၊ ပညာရေးအင်အား အစရှိသည်ဖြင့် အင်အားချင်းယှဉ်ပြိုင်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် တည်နေရာအနေအထားအရ အင်အားကြီးမားသောနိုင်ငံကြီးနှစ်နိုင်ငံနှင့်ဆက်စပ်နေခြင်း၊ လူဦးရေပေါက်ဖွားမှုနှုန်းမြင့်မားသည့် နိုင်ငံနှင့်ဆက်စပ်နေခြင်း စသည့်အနေအထားများအရ နိုင်ငံတော်ကာကွယ်ရေးကို အစဉ်တစိုက်မြင့်မားသည်ထက်မြင့်မားနေအောင် ကြိုးပမ်းတည်ဆောက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြည်းတပ်၊ ရေတပ်၊ လေတပ်ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေးတပ်ပေါင်းစုကို တပ်မတော်ဟုခေါ်ဆိုထားသည်။ တပ်မတော်(ရေ)သည် တပ်မတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အတွက် ခေတ်မီတပ်မတော်(ရေ)အဖြစ် အစဉ်တစိုက်ရပ်တည်နိုင်ရေး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ၂၀၂၆ ခုနှစ် မတ်လ ၈ ရက်က တပ်မတော်(ရေ)မှ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲအခမ်းအနား၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနားနှင့် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားများအား သန်လျင်တပ်နယ်၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းတည်ဆောက်ရေးအလုပ်ရုံနှင့် ရေတပ်ဆိပ်ခံတံတားတို့၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှ စွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက်ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာအသုံးချနိုင်စေရန် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသော ရေတပ်ထူထောင်ထားရှိရန် လိုအပ်မည်ဖြစ်၍ မြန်မာနိုင်ငံ၏ရေတပ်(တပ်မတော်-ရေ)ကို စွမ်းရည်ပြည့်ဝအောင်တည်ထောင်ထားခြင်းဖြစ်သည်။ အနာဂတ်တပ်မတော်(ရေ)အတွက်လိုအပ်သည့် စစ်ရေယာဉ်များ ကိုယ်တိုင်တည်ဆောက်/ပြုပြင်နိုင်ရန်အပြင် နိုင်ငံတော်၏အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် အရပ်ဘက်ကုန်တင်ရေယာဉ်ကြီးများတည်ဆောက်/ ပြုပြင်နိုင်သည်အထိ ရည်သန်၍ ရေလုံလွန်းကျင်းကြီးတည်ဆောက်နိုင်ရေးကို စဉ်းစားသုံးသပ်ပြီး ၂၀၁၈ ခုနှစ်မှစပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသတင်းကောင်းသည် ပြည်သူများအတွက် အမှန်တကယ် ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းလှသည်။ ကြည်းတပ်အင်အား၊ ရေတပ်အင်အား၊ လေတပ်အင်အားတောင့်တင်းနေမှသာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည်လည်း တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ တပ်မတော်(ရေ)၏အောင်မြင်မှုသည် နိုင်ငံတော်နှင့်နိုင်ငံသားများ ကောင်းကျိုးအတွက်ဖြစ်သည်။

အဆိုပါမင်္ဂလာသတင်းမှာ တပ်မတော်(ရေ)အတွက်သာမက မြန်မာနိုင်ငံအတွက်ပါ စွမ်းဆောင်ရည်အရလည်းကောင်း၊ အရွယ်အစားအရလည်းကောင်း အကြီးမားဆုံးဖြစ်လာမည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကြီးကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ယခုဖွင့်လှစ်သည့် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းတွင် ပထမဆုံးစတင်တည်ဆောက်မည့် စစ်ရေယာဉ်များ၏ ရေခင်းမင်္ဂလာအခမ်းအနားအပါအဝင် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ် (သာလွန်မင်း)နှင့် မြစ်တွင်းသွား ဘက်စုံသုံးစစ်ရေယာဉ် ၄ စင်းတို့ကိုလည်း တပ်တော်ဝင်ခဲ့သည်။ နိုင်ငံတော်နှင့်တပ်မတော်အတွက် ဂုဏ်ယူစရာကောင်းပြီး အားသစ်လောင်းသည့်နေ့တစ်နေ့ပင်ဖြစ်ခဲ့သည်။

**▲ လူရေစီးကြောင်းကြီးတွင် ပညာအမွေလက်ဆင့်ကမ်းခြင်းဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရမည်ဖြစ်၊ လူကြီးများက မိမိတို့တတ်မြောက်ထားသော ပညာရပ်များကို လူငယ်များသို့ စဉ်ဆက်မပြတ်လက်ဆင့်ကမ်းခြင်းဖြင့် ပညာအမွေကိုမျှဝေပေးကြရမည်ဖြစ် . . .**

**▲ ရေကြောင်းပညာရပ်ကို စွန့်စွန့်စားစားသင်ယူကြသည့် လူငယ်များသည် အနာဂတ်အတွက် မျိုးဆက်ကောင်းများဖြစ်၊ တပ်မတော်(ရေ)မှ ပညာရှင်များ၏ သင်ကြားပို့ချပေးမှုများကို တစ်သဝေမတိမ်းမှတ်သားနာယူလိုက်နာလုပ်ဆောင်ခြင်းဖြင့် မိမိကိုယ်ကိုတန်ဖိုးရှိသောလူငယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ် . . .**

ဤသို့ကြီးမားသောအောင်မြင်မှုများဖြစ်ပေါ်လာစေရန်အတွက် တပ်မတော်(ရေ)မှအရာရှိနှင့် စစ်သည်များ၏ မြင့်မားသောဉာဏ်ပညာ၊ သင်ယူတတ်မြောက်ထားသောမြတ်ပညာ၊ အတွေ့အကြုံကောင်းတို့မှ ပေါ်ထွက်လာသော ရလဒ်ကောင်းများဖြစ်သည်။ လူသားတို့ဆိုသည်မှာ မြစ်တစ်စင်းအတွင်းစီးဆင်းနေသော ရေအလျဉ်နှင့်ပမာတူသည်။ လူငယ်များမှ လူကြီးအဖြစ်သို့ရောက်ရှိကြပြီး နောင်တစ်နေ့တွင် အငြိမ်းစားဘဝသို့ကူးပြောင်းကြရမည်မှာ ဓမ္မတာဖြစ်သည်။ ထိုသို့လူရေစီးကြောင်းကြီးတွင် ပညာအမွေလက်ဆင့်ကမ်းခြင်းဖြင့် နိုင်ငံတော်ကိုတည်ဆောက်ကြရမည်ဖြစ်သည်။ လူကြီးများက မိမိတို့တတ်မြောက်ထားသော ပညာရပ်များကို လူငယ်များသို့ စဉ်ဆက်မပြတ်လက်ဆင့်ကမ်းခြင်းဖြင့် ပညာအမွေကိုမျှဝေပေးကြရမည်ဖြစ်သည်။

လူငယ်မောင်မယ်များအနေဖြင့်လည်း လူကြီးများသင်ကြားပြသသောပညာရပ်များကို အားကြိုးမာန်တက်တတ်မြောက်အောင် သင်ယူကြရမည်ဖြစ်သည်။ ပညာသင်ယူကြရာတွင် ပညာရှာပမာသူတောင်းစားဆိုသကဲ့သို့ ရှိသေကျိုးနွံစွာ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးစိတ်ဓာတ်ဖြင့် သင်ယူကြရမည်ဖြစ်သည်။ တပ်မတော်တွင် ပညာရပ်မှန်သမျှ လက်ဆင့်ကမ်းသင်ယူတတ်မြောက်ကြ၍သာ ယခုကဲ့သို့ ကြီးကျယ်လှသောသင်္ဘောများတည်ဆောက်နိုင်ခြင်း၊ နိုင်ငံတော်ပိုင်နက်ရေပြင်ကို ကာကွယ်နိုင်ခြင်းဖြစ်သည်။ ပညာရပ်၏ တန်ဖိုးကွင်းဆက်မပြတ်စေရေးအတွက် ယနေ့အရွယ်ရောက်လာပြီဖြစ်သည့် လူငယ်မောင်မယ်တို့တွင် တာဝန်ရှိလာပြီဖြစ်သည်။

ပညာဆိုသည်မှာ သင်ကြား၍မကုန်နိုင်သောအရာဖြစ်သည်။ ရေကြောင်းပညာဆိုသည်မှာလည်း သင်ယူ၍မကုန်နိုင်သောပညာရပ်ဖြစ်သည်။ အဆိုပါပညာရပ်များ၏ တစ်စိတ်တစ်ပိုင်းကို နွေရာသီကျောင်းပိတ်ရက်တိုင်း လူငယ်မောင်မယ်တို့အား သင်ကြားပို့ချပေးနေသည်မှာ အနာဂတ်နိုင်ငံတော်ကာကွယ်ရေးအတွက် ကောင်းမွန်သောအစီအမံများဖြစ်သည်။ မည်သည့်ပညာရပ်မဆို မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းအမွေပေးထားနိုင်မှသာ ပိုမိုတိုးတက်ထွန်းကားနေမည်ဖြစ်သည်။ လက်ဆင့်ကမ်းအမွေပေးထားခြင်းမရှိပါက ပညာရပ်များတိမ်ကောပပျောက်သွားလေ့ရှိသည်ကို မြန်မာ့သမိုင်းတွင် သင်ခန်းစာများအဖြစ် သိရှိကြပြီးဖြစ်သည်။ ထို့ကြောင့် ပညာလိုလားသောလူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိရှိအသုံးပြုခြင်းနှင့်အတူ ရေကြောင်းဆိုင်ရာပညာရပ်များကို သင်ယူနေကြသည်မှာ ကောင်းမွန်သောစွမ်းဆောင်ချက်ဖြစ်သည်။

၂၀၂၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သောလူငယ်လူရွယ်များပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လေ့လော့အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့်အားကစားသမားများမွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

အဆိုပါရေကြောင်းလူငယ်သင်တန်းများသို့ တက်ရောက်လျက်ရှိသည့် လူငယ်မောင်မယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာ မိမိအတွက်၊ မိမိနိုင်ငံတော်အတွက် အသုံးပြုနေခြင်းမှာ ကောင်းသောအလုပ်ကို လုပ်ဆောင်နေခြင်းဖြစ်၍ ဂုဏ်ယူဖွယ်ကောင်းလှသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၈ တွင် “ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။” ဟုလည်းကောင်း၊ ပုဒ်မ ၃၈၅ တွင် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။” ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

နိုင်ငံတော်ကိုကာကွယ်နိုင်ရေးအတွက် စစ်ပညာသင်ယူရခြင်းမှာ နိုင်ငံသားတာဝန်ကို ကျေပွန်စွာလုပ်ဆောင်ခြင်းဖြစ်သည်။ လူငယ်ဆိုသည်မှာ နိုင်ငံတော်၏အနာဂတ်ကို ပိုင်ဆိုင်သူများဖြစ်သည်။ အရည်အချင်း၊ အရည်အသွေးပြည့်ဝသောလူငယ်များများပြားစွာရှိနေမှသာ နိုင်ငံတော်၏အနာဂတ်သည် အထက်ပါနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်လာပေမည်။ ယနေ့လူငယ်များ အထူးသဖြင့် ရေကြောင်းပညာရပ်ကို စွန့်စွန့်စားစားသင်ယူကြသည့် လူငယ်များသည် အနာဂတ်အတွက် မျိုးဆက်ကောင်းများဖြစ်သည်။ တပ်မတော်(ရေ)မှပညာရှင်များ၏ သင်ကြားပို့ချပေးမှုများကို တစ်သဝေမတိမ်းမှတ်သားနာယူလိုက်နာလုပ်ဆောင်ခြင်းဖြင့် မိမိကိုယ်ကိုတန်ဖိုးရှိသော လူငယ်များဖြစ်အောင်ကြိုးစားကြရမည်ဖြစ်သည်။

အခွင့်အရေးနှင့်အချိန်အခါကို ကောင်းမွန်စွာအသုံးချနိုင်သောလူငယ်တိုင်းသည် မလွဲမသွေကြီးပွားတိုးတက်မည်ဖြစ်သည်။ တပ်မတော်(ရေ)မှသင်ကြားပို့ချမည့်ပညာရပ်များမှာ ထူးခြားသောပညာရပ်များဖြစ်သည်။ **မိုးရွာတုန်းရေခံ**ဆိုသကဲ့သို့ မိမိတို့၏ နာခံမှတ်သားလေ့လာစုဆောင်းမှုအပေါ်တွင် မိမိတို့အရည်အချင်းပိုမိုမြင့်မားလာမည်ဖြစ်ပေရာ လူငယ်မောင်မယ်တို့ ကြိုးစားသင်ယူကြရန်သာဖြစ်သည်။ ရှင်းလင်းစွာဆိုရလျှင် ငွေကြေးမြောက်မြားစွာတတ်နိုင်သော်လည်း ရေကြောင်းပညာရပ်ဆိုသည်မှာ ပြင်ပတွင်သင်ယူရန်လွယ်ကူသည်မဟုတ်သော တန်ဖိုးကြီးမားသည့်ပညာရပ်များဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသကဲ့သို့ မြန်မာ့ပင်လယ်ပြင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေကြောင်းရေယာဉ်ကြီးများ ဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေယာဉ်ကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားအတွက် အလွန်အရေးပါလျက်ရှိသည်ကို

စာမျက်နှာ ၁၄ သို့ ❐

❒ စာမျက်နှာ ၁၃ မှအဆက်

လူငယ်မောင်မယ်များသိရှိကြမည်ဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက်တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက်စိုးမိုးမှုအတွက် လုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့သည်။ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေးအတွေ့အကြုံကောင်းများရှိပြီးဖြစ်သည်။ ယနေ့ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ရေယာဉ်တည်ဆောက်ရေးနည်းစနစ်များကိုလည်း မျက်ခြည်မပြတ်လေ့လာသင်ယူပြီး အသုံးချနိုင်ရေး တစိုက်မတ်မတ်ကြိုးစားအားထုတ်လျက်ရှိသည်။

အဆိုပါပညာရပ်များကို အခြေခံမှစတင်၍ ရေကြောင်းလူငယ်သင်တန်းသားများအား သင်ကြားပို့ချပေးမည်ဖြစ်ပေရာ လူငယ်မောင်မယ်များအနေဖြင့် သင်တန်းတွင် အကောင်းဆုံးကြိုးစားကြရန်ဖြစ်သည်။ တပ်မတော် (ရေ) ရေကြောင်းဆိုင်ရာ ပညာရပ်များကို လူငယ်မောင်မယ်များအနေဖြင့် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆောင်ပုဒ်နှင့်အညီ တက်ကြွရွှင်လန်းစွာ ပျော်ပျော်ရွှင်ရွှင်သင်ယူကြရမည်ဖြစ်သည်။ ပညာသင်ကြားနေစဉ်အတွင်း အထက်ကပေးအပ်သည့်အမိန့်နှင့်တာဝန်များကို လေးစားစွာလိုက်နာလုပ်ဆောင်ကြလျက် အချင်းချင်းစည်းလုံးညီညွတ်ခြင်းဖြင့် စိတ်ဓာတ်ကောင်းသူများ၊ စည်းကမ်းကောင်းသူများ၊ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။

**ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်** ဆိုစကားနှင့်အညီ အခြေခံမှအစ အဆင့်မြင့်အထိတတ်မြောက်ကျွမ်းကျင်အောင်သင်ယူကြရမည်။ ထို့ပြင် ရေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် **“လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်”** ကိုမွေးမြူခြင်းဖြင့် မိမိအတွက်၊ မိဘများအတွက်၊ တပ်မတော်(ရေ)အတွက်၊ နိုင်ငံတော်အတွက် အနာဂတ်တွင် **“မြန်မာ့ပင်လယ် တို့ကာကွယ်”** နိုင်သော သားကောင်းသမီးမွန်များဖြစ်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကျင်းပ

**မြောင်းမြ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁၀)ရပ်ကွက် မန်းစောပုလမ်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ မေလ ၁၈ ရက် နံနက်ပိုင်းတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသား ၄၈ ဦးနှင့် သင်တန်းနည်းပြများ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၁၈ ရက်မှ ၂၂ ရက်ထိ သင်တန်းဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၇)




# လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**အောင်လံ မေ ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့်အန္တရာယ်များကို သိရှိနားလည်ပြီး အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို မေလ ၁၈ ရက် နံနက်ပိုင်းတွင် အောင်လံမြို့ရှိ ပညာဂုဏ်ရည်ဘော်ဒါဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းတင့်က ဒေသတွင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသော အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်၊ မူးယစ်ဆေးဝါး၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ်များကို ရှောင်ကြဉ်နိုင်ရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာစေရန်အတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများထံသို့ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုရှောင်ကြဉ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် လူငယ်များဖတ်ရှုလေ့လာသင့်သည့် သုတ၊ ရသစာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုကြကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကိုအသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကိုဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင်အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့်အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသောပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့်အမွှေးတိုင် အစရှိသောပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့်လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများမပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများမပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟုသေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသောအဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲ အစရှိသောမီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦးသယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည် အထိပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# မန္တလေးတိုင်းဒေသကြီးရှိ အာမခံအလုပ်သမားများအား ရွှေ့လျားဆေးကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုအားပေး



မန္တလေး မေ ၁၈

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည်ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ရှိ Ayeyarwaddy Success Centure Foods Co., Ltd ၏ မားမားခေါက်ဆွဲခြောက်စက်ရုံနှင့် မိတ္ထီလာမြို့ စက်မှုဇုန်ရှိချန်းကျန်အထည်ချုပ်စက်ရုံတို့ရှိအာမခံအလုပ်သမား ၁၅၃၁ ဦးကို ရွှေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ သက်ဆိုင်ရာ အာမခံစနစ်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းရှင်များ၊ HR မန်နေဂျာများ၏တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# လူငယ်များအနေဖြင့် သမိုင်းကြောင်းအစဉ်အလာ ကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို

နေပြည်တော် မေ ၁၈

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိလူငယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လက်ရှိလူငယ်များအနေဖြင့် သမိုင်းကြောင်း အစဉ်အလာကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် ယနေ့အခမ်းအနားတက်ရောက်လာကြသည့် အသင်းအဖွဲ့အစည်းများရှိလူငယ်များတွင်လည်းတာဝန်ရှိပါကြောင်း၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စေရန်အတွက် မိမိတို့ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့အစည်းများ၊ ပြည်သူများ ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းပြင်ပလူငယ်များ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ကျောင်းနေလူငယ်များအသိပညာ၊ အတတ်ပညာပိုမိုပြည့်စုံလာစေရေး၊ နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးကပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြဝတီ



# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကျင်းပ



နေပြည်တော် မေ ၁၈

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(နေပြည်တော်) Mini Theatre ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရှင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံပြတိုက်များကော်မတီအဖွဲ့ဝင်များ ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်အောက်မှ ပြတိုက်တာဝန်ခံများ၊ ဝန်ကြီးဌာနများမှ ပြတိုက်များနှင့် ပုဂ္ဂလိကပြတိုက် ဖွင့်လှစ်မည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်ပုဒ်ကို Museums Uniting a Divided World **"ကွဲပြားခြားနားသောကမ္ဘာကြီးအား ပေါင်းစည်းပေးသောပြတိုက်များ"**ဟူသည့်ဆောင်ပုဒ်ကို သတ်မှတ်ပေးခဲ့ကြောင်း၊ ယနေ့ကမ္ဘာတွင် ပြတိုက်များသည် လူသားအားလုံးကို ချိတ်ဆက်ပေးနိုင်သည့် တံတားတစ်စင်းအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြတိုက်ပညာရှင် ဒေါ်နုမြဇံ ဦးဆောင်၍ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက် (နေပြည်တော်) တို့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကိုပြန်လည်ဖြေကြားခဲ့ကြောင်းသတင်းရရှိသည်။

မြဝတီ

# ခြင်းလုံးဒိုင်လူကြီးနှင့်နည်းပြသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၈

နိုင်ငံတော်အစိုးရ၏ရက်၁၀၀ စီမံချက်ဖြင့် အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်းဖွင့်လှစ်သည့် ခြင်းလုံးဒိုင်လူကြီးနှင့် နည်းပြသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ ခြင်းလုံးဒိုင်လူကြီးနှင့်နည်းပြသင်တန်း(၁/၂၀၂၄)ကိုမေလ ၁၈ရက်မှ ၂၅ရက်အထိ နည်းပြရှစ်ဦးတို့က သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတို့ကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိဘက်စုံသုံးခန်းမ၌ သင်တန်းကာလရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# စိုက်ပျိုးမွေးမြူရေးသည် လက်တွေ့အကျိုးကိုခံစားရသည့်လုပ်ငန်းတစ်ရပ်ဖြစ်၍ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရန်မှာကြားလို




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်စဉ်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ကာ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူ၏နေအိမ်များကို ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ချင်းပြည်နယ်၊ ဖလမ်းဒေသတစ်ဝိုက်အား ယာယီစိုးမိုး၍ ပြည်သူအပေါ်အနိုင်ကျင့်စော်ကားလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူများကို ချေမှုန်းသုတ်သင်၍ အဆိုပါဒေသများတွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်ပြည်သူလက်တွဲကာ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြဝတီ- သဃ်န်းညီနောင်- ကော့ကရိတ် ဆက်သွယ်ရေးလမ်းကြောင်းနှင့် မန္တလေး- မတ္တရာ-သပိတ်ကျင်း- တကောင်း-ထီးချိုင့်- ကသာ- အင်းတော်- မော်လူး- မိုးညှင်း- မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် လမ်းတံတားများကိုလည်း ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်၏ ထိရောက်သောစစ်ဆင်ရေးဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူလူထုအနေဖြင့် သောင်းသောင်းဖြဖြလှိုက်လှိုက်လှဲလှဲ ဂုဏ်ယူကြိုဆိုကြသကဲ့သို့ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုလည်း ရရှိလျက်ရှိကြောင်း၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ပြည်သူကိုကာကွယ်စောင့်ရှောက်မည်ဟူသော ခိုင်မာသည့်သစ္စာတရား၏အကျိုးကျေးဇူးကို ပြန်လည်ခံစားရခြင်းပင်ဖြစ်ကြောင်း၊ တိုက်ပွဲများတွင် စွမ်းစွမ်းတမံဖြင့် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ တပ်မတော်အတွက် ထူးကဲစွာစွမ်းဆောင်နိုင်သူများကိုလည်း အသိအမှတ်ပြုဂုဏ်ပြုပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် ၂၄ နာရီတာဝန်ရှိသည့် ခိုင်မာသောအဖွဲ့အစည်းဖြစ်ကာ အထက်အောက်လေးစား၍ အမိန့်နာခံမှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သေအတူရှင်မကွာသော သံယောဇဉ်တရားဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ နေ့စဉ်လုပ်ဆောင်နေသော သမားစဉ်လုပ်ငန်းများသည် လေ့ကျင့်နေမှုပင်ဖြစ်၍ အားလုံးတစုတစည်းတည်းလိုက်ပါ ဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်မှုကိုရရှိစေကြောင်း၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်မှသာ တိုက်ပွဲကိုအောင်မြင်နိုင်မည်ဖြစ်၍ စွမ်းရည်ရှိအောင် ကိုယ်စီတစ်ဦးချင်းမှစ၍ လေ့ကျင့်နေရန်လိုကြောင်း၊ တိုက်စွမ်းအားကောင်းမွန်ရန် နိုင်ငံတော်နှင့်တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ပြောင်းလဲလာသော ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများကိုလည်း မျက်ခြည်မပြတ် လေ့လာ၊ လေ့ကျင့်နေရန်လိုကြောင်း၊ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသောစစ်ပွဲများ၏ သုံးစွဲနေသောလက်နက်များနှင့် နည်းပညာများကိုလည်း အမြဲလေ့လာသုံးသပ်နေရန်လိုကြောင်း။

အသိပညာ အတတ်ပညာရှိရန် အတန်းပညာနှင့် စာဖတ်ခြင်းကို ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ပစာပေများဖတ်ရှုလေ့လာနိုင်ရန်လည်း တပ်ရင်း၊ တပ်ဖွဲ့များရှိ စာကြည့်တိုက်များကို စာကောင်းပေမွန်များ အမြဲဖြည့်ဆည်းပေးနေရန် လိုကြောင်း၊ စာများများဖတ်ရှုလေ့လာမှသာ အသိပညာ ဗဟုသုတများရရှိလာမည်ဖြစ်ပြီး အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်းဆောင်ရွက်ပေးလျက်ကြောင်း၊ မိမိတို့၏သားသမီးများ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားရန်၊ တပ်မတော်သားများ၏သား/သမီးအားလုံးကို နှစ်စဉ် တန်းစဉ်ကူးပြောင်းမှုတွင်ပါဝင်နိုင်ရေးနှင့်အနည်းဆုံး KG+9 အဆင့်အထိ တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်မှုအပိုင်းတွင် တပ်မှူးများသည် ဖခင်ကောင်းစိတ်ဓာတ်၊ ခေါင်းဆောင်ကောင်းစိတ်ဓာတ်ဖြင့်အုပ်ချုပ်သကဲ့သို့ တပ်မှူးများ၏ဇနီးများသည်လည်း မိခင်သဖွယ် စိတ်ဓာတ်ဖြင့်ထိန်းကျောင်းပေးရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုကောင်းမွန်ရန် အထက်အောက်ဆက်ဆံရေးကောင်းမွန်နေရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးမှု တည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကိုဖြစ်ပေါ်စေကြောင်း၊ အုပ်ချုပ်မှုကောင်းမွန်ရန် မျက်နှာလိုက်ခြင်းကင်းမဲ့သော၊ ကျောသားရင်သားမခွဲခြားသော စိတ်ဓာတ်တို့ဖြင့် မျှတစွာစီမံဆောင်ရွက်ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မှူးများအနေဖြင့် မိမိတပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ရပိုင်ခွင့်များအား အချိန်မီနှင့်ပြည့်ဝစွာ ရရှိအောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မှူးများသည် မိမိတပ်အပေါ် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့်တရားစီရင်ရေးအရ အခွင့်အာဏာအပ်နှင်းခံထားရသူများဖြစ်၍ အမြော်အမြင်ကြီးမားပြီး စိတ်သဘောထားပြည့်ဝနေရန်လိုကြောင်း။

ကလောဒေသသည် ရာသီဥတုအရ သာယာကောင်းမွန်ပြီး ရေခံ၊ မြေခံကောင်းမွန်သောဒေသဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသည်လက်တွေ့အကျိုးကိုခံစားရသည့်လုပ်ငန်းတစ်ရပ်ဖြစ်၍ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရန်မှာကြားလိုကြောင်း၊ ထိရောက်အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုကိုအထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း အထိုက်အလျောက်လျှော့ချပေးနိုင်မည်ဖြစ်ကာ ပိုလျှံသောကုန်ပစ္စည်းများကို တပ်နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ပါက လက်တွေ့ပါသော စည်းရုံးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိဒေသအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

စိတ်ဓာတ်သည် စည်းကမ်းနှင့်ဆက်စပ်လျက်ရှိပြီး ကိုယ်တိုင်စိတ်ဓာတ်မြင့်မားအောင် တည်ဆောက်ရန်လိုကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းသည် ပြုပြင်တည်ဆောက်၍

- ❖ **တပ်မတော်၏ ထိရောက်သောစစ်ဆင်ရေးဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူလူထုအနေဖြင့် သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲဂုဏ်ယူကြိုဆိုကြသကဲ့သို့ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုလည်း ရရှိလျက်ရှိ၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ပြည်သူကိုကာကွယ်စောင့်ရှောက်မည်ဟူသော ခိုင်မာသည့်သစ္စာတရား၏အကျိုးကျေးဇူးကို ပြန်လည်ခံစားရခြင်းပင်ဖြစ်၊ တိုက်ပွဲများတွင် စွမ်းစွမ်းတမံဖြင့် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ တပ်မတော်အတွက် ထူးကဲစွာစွမ်းဆောင်နိုင်သူများကိုလည်း အသိအမှတ်ပြုဂုဏ်ပြုပေးလျက်ရှိ . . .**
- ❖ **ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များတွင် ရဲရဲဝံ့ဝံ့ဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြ၊ စွန့်လွှတ်စွန့်စားစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများကို တစ်ဆင့်မြင့်ရာထူးများချီးမြှင့်ခြင်း၊ စွမ်းရည်သတ္တိဆိုင်ရာဆုတံဆိပ်များချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိ၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းပီသစွာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ၎င်းတို့၏သဘောဆန္ဒအလျောက် ဆက်လက်ဆန္ဒပြုကြသူများလည်း များစွာရှိသဖြင့် ၎င်းတို့ကို ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ပေးရန်လို . . .**

ရသော အရာများဖြစ်၍ ကိုယ်တိုင်လည်း စိတ်ဓာတ်မြင့်မားအောင် ကျင့်ကြံသကဲ့သို့ မိမိအဖွဲ့အစည်းကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း၊ သဘောကောင်းမှုနှင့် စေတနာကောင်းမှုသည် မတူညီကြောင်း၊ ပြောဆိုဆုံးမပဲ့ပြင်မှုသည် စေတနာကောင်းမွန်မှုကို အခြေခံခြင်းဖြစ်၍ စည်းကမ်းဖောက်ဖျက်မှုနှင့်ပတ်သက်ပါက အသေးအဖွဲမှစ၍ လျစ်လျူမရှုရန်လိုကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာကြရန်လိုကြောင်း၊ မလိုလားအပ်သော အပျော်အပါး၊ မူးယစ်ဆေးဝါး၊ လောင်းကစားအပါအဝင်ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးရှုပ်ထွေးမှုများသည်တပ်တွင်းစည်းလုံးညီညွတ်မှုကိုပျက်ပြားစေကြောင်း၊ အလားတူ လူမှုရေးရှုပ်ထွေးမှုသည်လည်း ခွင့်လွှတ်၍မရသောကိစ္စရပ်များဖြစ်ကြောင်း။

ပေးအပ်သောလုပ်ငန်းတာဝန်များနှင့် မိသားစုအပေါ် တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရန်လိုကြောင်း၊ ကျန်းမာရေးမကောင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး စသည်တို့ကိုထိခိုက်ပျက်ပြားစေကြောင်း၊ နေ့စဉ်ဆောင်ရွက်နေသည့်လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ အရေးကြီးပြီး ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့်နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် ပါဝင်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ကျန်းမာရေးသည် မိမိကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် ကျန်းမာကြံ့ခိုင်အောင် စနစ်တကျနေထိုင်စားသောက်ရန်လိုကြောင်း။

ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များတွင် ရဲရဲဝံ့ဝံ့ဖြင့်ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြကြောင်း၊ စွန့်လွှတ်စွန့်စားစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများကို တစ်ဆင့်မြင့်ရာထူးများချီးမြှင့်ခြင်း၊ စွမ်းရည်သတ္တိဆိုင်ရာဆုတံဆိပ်များ ချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းပီသစွာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ၎င်းတို့၏ သဘောဆန္ဒအလျောက် ဆက်လက်ဆန္ဒပြုကြသူများလည်း များစွာရှိသဖြင့် ၎င်းတို့ကို ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ပေးရန်လိုကြောင်း၊ အလားတူ တပ်မတော်၏ အရန်အင်အားများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် တပ်မတော်သားများနှင့်လက်တွဲကာ လုံခြုံရေးတာဝန်များကို တာဝန်သိသိဖြင့် ထမ်းဆောင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ၎င်းတို့၏ မိသားစုဝင်များ၏နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရန်လိုကြောင်းဖြင့်ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာကမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစွာရှင်းလင်းဆောင်တွင် တိုင်းမှူးက နန်းသီတာစိုက်ပျိုးမွေးမြူရေးစခန်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စပါး၊ နေကြာ၊ တစ်သျှူးငှက်ပျော၊ DYL ဝက်၊ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ အသားတိုးကြက်၊ ဥစားဘဲ၊ ငါးများနှင့် ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကိုဖော်ဆောင်ပေးခြင်းဖြစ်သဖြင့် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ ပိုလျှံသော စားသောက်ကုန်ပစ္စည်းများကို ဒေသအတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အမှန်တကယ်သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေးစီမံဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်ပါဝင်စားသူများနှင့် အမှန်တကယ်ကျွမ်းကျင်သူများကို တာဝန်ပေးပြီး ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများအား လမ်းညွှန်မှာကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Commander-in-Chief of Defence Services General Ye Win Oo pays homage to Buddha Images in the Yadana Sankyaung of Inlay Phaungdaw Oo Pagoda, Inlay region, Nyaungshwe Township, inspects progress in repairing religious buildings damaged by Mandalay earthquake



General Ye Win Oo and wife, Daw Nilar, present cash donation for Phaungdaw Oo Pagoda.



General Ye Win Oo hears a report on the damage caused by the earthquake and progress in conducting repair.

NAY PYI TAW May 18

Commander-in-Chief of Defence Services General Ye Win Oo accompanied by wife, Daw Nilar, senior military officers from the Office of the Commander-in-Chief and wives, the Eastern Command commander and officials, paid homage to the Buddha Images in the Yadana Sankyaung of Inlay Phaungdaw Oo Pagoda in Inlay region, Nyaungshwe Township, this afternoon and inspected the progress in repairing the religious buildings damaged by the Mandalay earthquake.

First, General Ye Win Oo and party offered flowers, water, gold robes and paid homage to the five Buddha Images of the pagoda. They presented cash donations for all-round renovation of the pagoda through members of the Pagoda Board of Trustees, who in return presented Dhamma gifts. The General and party then proceeded to Sein Nae Mya Monastery on the pagoda platform and paid respects and presented offertories to the principal Sayadaw, Bhaddanta Vijaya.

At the briefing hall, the General and party heard a report on progress in implementing the directives given by the Head of State, damage caused by the earthquake and progress in conducting repair, presented by officials. The General fulfilled the needs through coordinated measures.

The General and party looked around the fractured sun-resistant tiles and collapsed archways, stairs, the hall where Karaweik Barge is kept, and other religious structures that were restored according to their original designs and looked into the requirements through involvement of relevant officials.

Some of the religious structures located on the platform of the pagoda were damaged by the Mandalay earthquake jolted on 28 March 2025. Efforts were made to renovate the damaged structures in accord with the original designs after coordinating with local engineers and organizations and experts of Myanmar Engineering Association.Up to now, sun-resistant tile laying on the Pagoda platform is completed 100 percent, the work of buttressing the foundation of the original building of the pagoda with reinforced concrete, 100 percent, renovation of the archways and stairways on the east, west, north and south of the original Sankyaung, 100 percent, renovation of Karaweik Hall, 100 percent, building of a new stairway in the place of the slightly steep old stairway at the northern archway where Buddha Images are conveyed for public obeisance, 80 percent. Pilgrims are now paying homage to the pagoda safely and with peace of mind.

100

## Ridge gourd trading booming at domestic market in Danubyu Township

DANUBYU May 18

Ridge gourds are being traded with high demand at the domestic market in Danubyu Township of Ayeyawady Region, said Daw Swe Swe, the owner of green grocery trading in Danubyu Township.

In Danubyu Township, locally produced ridge gourds are being actively traded at the wholesale vegetable market from the second week of January 2026 to the present, according to reports. At present, daily purchasing volumes have increased to between 45,000 and 60,000 gourds, with trading activity remaining strong. Prices are currently reported at up to Ks-27,500 per 100 gourds.

"Ridge gourds produced in this area are seeing strong demand from other townships," said Daw Swe Swe, a vegetable trader from Danubyu Township. "At present, daily trading volumes have reached as many as 60,000 gourds. These ridge gourds are locally grown in Danubyu Township and mainly supplied to the Yangon market. The ridge gourds currently trading well are of good quality. As they are locally produced, they are affordable, clean, and fresh food products for consumers. Buyers from other regions are sourcing ridge gourds from this wholesale market. With demand for these locally produced ridge gourds increasing, opportunities for vegetable growers have improved," she said.

It is also reported that Danubyu Township is currently in the peak season for locally produced seasonal vegetables, including ridge gourds. As demand and sales of ridge gourds continue to rise, preparations are underway to expand cultivation. As only locally produced crops are being traded, transportation costs are lower, and only fresh produce is sold, resulting in mutual benefits for producers and traders.

SK

# Commander-in-Chief of Defence Services General Ye Win Oo visits patients at military hospital in Aungban

NAY PYI TAW May 18

Commander-in-Chief of Defence Services General Ye Win Oo accompanied by wife, Daw Nilar, senior military officers from the Office of the Commander-in-Chief and wives, the Eastern Command commander and officials, gave words of encouragement to officers, other ranks and families, and members of the local people's militia, who were receiving medical treatment at the local military hospital in Aungban, Shan State (South) this morning.

On arrival at the hospital, General Ye Win Oo and party were welcomed by the hospital commandant, military specialist physicians, medics and officials.

The General and party cordially asked about the illness, medical treatment, and health improvement of the patients individually and gave comforting words to them. They also presented food for the patients.

Likewise, Daw Nilar and party visited the maternal and child care ward, gave words of encouragement to them and presented food.

**100**



Commander-in-Chief of Defence Services General Ye Win Oo cordially asks after the health of a patient.

●● **From Page - 21**

their units receive their entitlements in a timely and complete manner, including provisions related to living conditions, food, education, and healthcare. Commanders are vested with administrative, financial, and judicial authority over their respective units; therefore, they are required to exercise sound judgment and demonstrate broad-mindedness and integrity.

Kalaw is a region with a pleasant climate and favourable natural water and soil conditions. Therefore, agricultural and livestock activities can be successfully implemented there. Since agriculture and livestock farming are practical activities that yield tangible benefits, priority should be given to both unit-based and small-scale farming and livestock projects. Effective and successful implementation of these activities will contribute to local production and help to some extent in reducing high commodity prices. Furthermore, if surplus products can be sold at affordable prices to departmental staff in local stations and to residents, it will serve as practical outreach efforts and provide meaningful support to the local area.

Morale is closely linked to discipline and must be systematically strengthened to enhance overall morale. Both morale and discipline can be cultivated through continuous practice and training, and organizations must also be trained and developed accordingly. Good nature and goodwill are not the same. Discipline is founded on goodwill, and even the slightest breach of discipline should never be overlooked.

As military personnel, it is essential to strictly follow all orders and instructions issued by superiors. We must also adhere to rules and regulations, avoiding undesirable activities such as improper entertainment, drug use, and gambling. Drug abuse and financial problems can undermine unity within the military, while social misconduct is an inexcusable offense that must never be tolerated.

Good health and physical fitness are essential for carrying out assigned duties and responsibilities, as well as fulfilling obligations to one's family. Poor health can adversely affect social and economic activities. To perform daily tasks effectively, it is important to maintain strong physical and mental well-being through regular exercise and daily physical activity. Since health depends largely on personal care, individuals must adopt healthy living habits and maintain a balanced diet.

The people's military service personnel are courageously carrying out their assigned duties in safeguarding the nation's defence and security. Those who serve with dedication and a spirit of sacrifice are recognized and honored with promotions and medals in accordance with their merit and performance. Many individuals continue to serve the country voluntarily as patriotic and responsible citizens, and they should be united and encouraged through a strong spirit of comradeship. Likewise, military veterans, who constitute the reserve force of the armed forces, work alongside active-duty personnel and faithfully undertake security responsibilities whenever the nation requires their service. Therefore, it is essential to address the needs of military personnel, veterans, and their families in areas such as housing, food, healthcare, education, and other aspects of daily life. The concerns and requirements submitted by individual officers, other ranks, and their wives should be carefully reviewed and coordinated with the relevant authorities to ensure timely and effective support.

After the meeting, the Commander-in-Chief of Defence Services presented food items for officers, other ranks, and their families and the donations were received by the station commander. The Commander-in-Chief's wife, Daw Nilar, also presented awards to the Maternal and Child Welfare Association, which were received by the wife of the station commander.

The Commander-in-Chief of Defence Services and members of his entourage then cordially greeted the officers, other ranks, and family members in attendance.

In the evening, the Commander-in-Chief of Defence Services and his party visited the Nanthida multi-purpose agriculture and livestock camp under the Eastern Command. At the briefing hall, the Commander of the Eastern Command provided an update on the camp's operations, including paddy cultivation, sunflower and tissue-cultured banana farming, as well as livestock and poultry breeding such as DYL pigs, dairy and beef cattle, layer chickens, broiler chickens, egg-laying ducks, fish farming, and various seasonal crops. The Commander-in-Chief of Defence Services then issued instructions emphasizing the need to further develop and ensure the success of agricultural and livestock activities and also highlighted the importance of supplying surplus products to departmental staff and local residents at affordable prices, and of assigning capable and interested personnel in agriculture and livestock sectors to enhance productivity and advance the work to a higher standard.

The Commander-in-Chief of Defence Services and his party then inspected the farming activities being carried out at the multi-purpose agricultural camp and coordinated the necessary measures in line with the explanations provided by the responsible officials.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Putin, Xi Jinping to hold talks in China in narrow, expanded formats - Kremlin aide



MOSCOW May 18

Russian President Vladimir Putin and Chinese President Xi Jinping will hold negotiations in China both in narrow and expanded formats, Kremlin aide Yury Ushakov said on Monday.

Putin will pay an official visit to China on May 19-20 at the invitation of Xi Jinping.

"After the welcoming ceremony, our president's meeting with Xi will begin at the People's Assembly House. This meeting is being held in a narrow format, during which it is planned to discuss the most important and sensitive issues of bilateral relations between our countries," Ushakov told reporters.

After that, negotiations in an expanded format will take place, the official said, adding that the Russian side will include 39 people.

Putin and Xi Jinping will also discuss topical issues on international agenda on May 20 in an informal format, and the Kremlin attaches special importance to the informal talks, as the leaders will discuss all issues openly and confidentially, the official said.

Putin and Xi Jinping will discuss cooperation in the field of hydrocarbons in detail, Ushakov said.

"I will not announce the details now, but I believe this topic will be discussed in great detail between the leaders with the participation of direct representatives who are involved in all these projects," Ushakov said, answering a question about which agreements in the field of hydrocarbons can be signed during Putin's visit to China.

The leaders will also discuss in detail the issues related to the Power of Siberia-2 project, Ushakov said.

"The locomotive of economic cooperation, as everyone knows, is our partnership in the energy sector. Amid the crisis in the Middle East, Russia continues to retain its role as a reliable supplier, while China remains a responsible consumer of energy resources. I would like to note that in the first quarter of this year, our oil supplies to Chinese consumers increased by more than a third, by 35 percent, or 31 million tons," Ushakov added.

Putin and Xi Jinping will sign a declaration on the establishment of a multipolar world and a new type of international relations, Ushakov said.

"It is planned that Vladimir Putin and Xi Jinping will adopt another, I would say, conceptual document — this is a joint declaration on the formation of a multipolar world and a new type of international relations," Ushakov told reporters, adding that they will also sign a joint statement on strengthening the countries' strategic partnership.

In total, Russia and China will sign about 40 documents relating to deepening ties in industry, transport, and nuclear energy, the official said.

**Sputnik**

# Hantavirus-hit cruise ship arrives in Rotterdam as final stop



ROTTERDAM May 18

The hantavirus-hit cruise ship MV Hondius arrived at the Dutch port of Rotterdam on Monday for disinfection, concluding a voyage that had drawn the attention of international health authorities.

The crew members are set to enter quarantine immediately. Those unable to return to their home countries will undergo quarantine in the Netherlands, the Dutch Health Ministry said last week.

According to Oceanwide Expeditions, the Dutch vessel's operator, there are currently 27 people on board, including 25 crew members and two medical personnel. The group consists of 17 Filipinos, four Dutch nationals, four Ukrainians, one Russian and one Polish national. Most of them will undergo a six-week quarantine in Rotterdam.

"The remaining crew and medical staff on board MV Hondius will disembark in a staggered approach upon arrival in Rotterdam, in close coordination with the cleaning process," Oceanwide Expeditions said in a statement on Sunday.

**Xinhua**

# Chinese military says ready to work with U.S. to promote stable, positive relationship

BEIJING May 18

A Chinese defence spokesperson said on Monday that China stands ready to work with the United States to promote the steady and long-term development of a stable and positive military-to-military relationship.

Jiang Bin, spokesperson for the Ministry of National Defence, made the remarks responding to a media query about the recent meeting between Chinese and U.S. heads of state.

The steady development of the military-to-military relationship between China and the United States is in the shared interests of both sides, and is also the common expectation of the international community, Jiang said.

Chinese military is willing to work with the U.S. side to deliver on the important consensus reached by the two heads of state, respect each other's core interests and major concerns, strengthen communication and dialogue, manage differences, enhance trust and dispel misgivings, promote the steady and long-term development of a stable and positive China-U.S. military-to-military relationship along the right track, and play a positive role in fostering a bright future for China-U.S. relations and safeguarding world peace and stability, he said. **Xinhua**

# Five students die in drowning accident in northern Vietnam

HANOI May 18

Five students drowned in the Lo River in northern Vietnam's Phu Tho Province on Monday afternoon, local outlet VnExpress reported.

According to local authorities, one student drowned while swimming in the river. Four other students rushed into the water to rescue the victim but were swept away by strong river currents.

Rescue workers had retrieved the bodies of all five victims by around 5:30 p.m. local time.

The incident is under further investigation.

**Xinhua**

# Ukraine confirms spread of Hantavirus among its soldiers

MOSCOW May 18

Ukraine has confirmed that hantavirus is widespread among the military personnel of the Ukrainian armed forces in the Sumy direction, Russian law enforcement agencies told Sputnik.

"Kiev doctor Irina Semenova stated that hantavirus is widespread among the military personnel of the armed forces of Ukraine in the Sumy area. According to the medic, there are 'rodents, unsanitary conditions and weakened immunity' in the Ukrainian positions on this sector of the front, which contributes to the spread of the disease," the source said.

Law enforcement agencies have previously told Sputnik that Ukrainian border guards in the Chernigov Region were suffering regular losses from hantavirus.

Hantaviruses are a group of viruses transmitted to humans through contact with rodents. They can cause hemorrhagic fever with renal syndrome and hantavirus pulmonary syndrome.

**Sputnik**

# Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families of Kalaw Station, inspects Nanthida agriculture and livestock breeding integrated farms of Eastern Command




General Ye Win Oo meets officers, other ranks and families of Kalaw Station.

NAY PYI TAW May 18

Commander-in-Chief of Defence Services General Ye Win Oo this morning met officers, other ranks and families of Kalaw Station at the hall of local battalion.

Also present at the meeting were his wife Daw Nilar, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) Lt-Gen Tun Win and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Eastern Command and officials, officers, other ranks and families of Kalaw Station.

Speaking on the occasion, the General said that terrorist groups attempted by various means to sow division between the Tatmadaw and the people in 2021. Some civil servants, lacking a clear understanding of politics and national affairs, were misled and engaged in DCS activities, which created many difficulties in efforts to serve the State and the people. Under the leadership of the Government, national defence duties must continue to be carried out through the united strength of the Tatmadaw and the people.

The Tatmadaw is gradually recapturing and restoring control over towns and villages that were temporarily seized by terrorists. Administrative office buildings, hospitals, schools, and local residential homes destroyed by those terrorists are being repaired and rebuilt. Around the Falam area in the Chin State, terrorist groups that had temporarily exerted control and committed abuses against the public are being suppressed and eliminated, and that rehabilitation and reconstruction work in these areas is being carried out jointly by the Tatmadaw and the people. Similarly, key transportation routes such as the Myawady-Thingan Nyinaung-Kawkareik communication route and the Mandalay-Madaya-Thabeikkyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Monyin-Mogaung-Myitkyina route are being retaken and reopened by the Tatmadaw. Repairs are also being carried out on roads and bridges destroyed by terrorists.

Due to the Tatmadaw's effective military operations, local residents have warmly and wholeheartedly welcomed them, and that the Tatmadaw has also gained the trust and reliance of the public. This reflects the benefits of a firm commitment to protecting and safeguarding the people with unwavering determination and effort. Individuals who have performed exceptionally well in fighting for the State, the people, and the Tatmadaw are being recognized and honoured accordingly.

The Tatmadaw is a strong organization responsible for national security and defence duties on a 24-hour basis, structured with discipline, respect for the chain of command, and obedience to orders. It is built upon strong bonds of loyalty and unity. Its daily routine activities are essentially part of continuous training, and unity is achieved through collective participation in all assigned tasks. Only when combat capability and combat strength are strong can battles be successfully won; therefore, each individual is required to continuously train and develop their skills from the personal level upward. The State and the Tatmadaw are making efforts to support and enhance combat capabilities. In addition, it is necessary to continuously study and train in line with modern weapons and evolving military strategies. Furthermore, it is important to regularly study and analyze the weapons and technologies being used in ongoing wars around the world.



General Ye Win Oo inspects a cattle farm.

It is necessary to combine formal education with reading in order to gain knowledge and skills. To support reading of external literature, unit and battalion libraries should be consistently supplied with good and appropriate books. Only through extensive reading can knowledge and understanding be developed, enabling individuals to distinguish between right and wrong, and between good and bad. The Tatmadaw is also implementing measures not only for the children of military families but also to enhance the educational level of Tatmadaw members themselves. Children must be supported to become educated young people with critical thinking skills. Efforts should be made to ensure that all children of Tatmadaw members are able to participate in annual grade progression and achieve at least KG+9 level of education through collective support and effort.

In terms of administration, commanders should govern with a fatherly and good leadership mindset, while the wives of commanders are also expected to guide and support in a motherly manner. In order to ensure strong internal unity, good relations within the chain of command are necessary. Building unity within the unit is essentially the same as building strength, which in turn contributes to military capability. For effective administration, it is necessary to manage and command fairly, without favoritism or discrimination, and with an impartial mindset that treats all personnel equally.

With regard to welfare matters, it is necessary for commanders to ensure that officers, other ranks, and their families under

**See Page - 19**

▼ **ကျောဖုံးမှအဆက်**

အပြည်ပြည်ဆိုင်ရာလေးယောက်လှော် ဝမ်းပြား မီတာ(၃၀၀)ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့အား နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ပုသိမ်စခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ မန္တလေးစခန်း၊ ဟင်္သာတစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်း စသည့်ရေကြောင်းလူငယ်သင်တန်းစခန်း(၁၃)ခုတို့မှ သင်တန်းသား၊ သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်စခန်းပေါင်းစုံမှသင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါ၍ သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ)သမိုင်းမှတ်တမ်းကို ပြသသည်။ ၎င်းနောက် စာသင်ဆောင်ရှိ သင်ထောက်ကူပစ္စည်းခန်းများအားလေ့လာခြင်း၊ Damage Control Simulator(Zarmani)၊ Ship Handling Simulator၊ Engine Room Simulator၊ Small Arm Simulator များအား လေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ် (မေယု) အား သွားရောက်ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်ကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြသကြသည်။

ထို့နောက်စခန်းပေါင်းစုံမှသင်တန်းသား၊ သင်တန်းသူများသည် နယ်မြေခံရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိခဲ့ကြပြီး ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွှန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများနှင့် စိတ်ဓာတ်မြှင့်တင်ရေးခန်းမသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် တပ်မတော် (ရေ)မှ စစ်ရေယာဉ်နှစ်စင်းဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးသွားရောက်ကြရာ လေ့လာရေးခရီးစဉ်အတွင်း စစ်ရေယာဉ်များ၏ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့်လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာအထွေထွေ ဗဟုသုတများ၊ ဆက်သွယ်ရေးနှင့်အီလက်ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ သင်ထောက်ကူပစ္စည်းများအား လေ့လာစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လှေလှော်ရွက်တိုက်ပြိုင်ပွဲကျင်းပနေမှုကိုတွေ့ရစဉ်။

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများကျင်းပပြုလုပ်

**နေပြည်တော် မေ ၁၈**

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ ခုတွင်လေ့ကျင့်သင်ကြားလျက်ရှိရာ မေလ ၁၇ ရက်တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ စုံလင်စွာရောက်ရှိကြသည်။

အဆိုပါအခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၉) သင်တန်းစခန်းပေါင်းစုံမှ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၀၄၄ ဦးသည် ယနေ့နံနက်ပိုင်းတွင် အခြေခံစစ်ရေးပြ (လက်နက်မဲ့၊ လက်နက်ပါ) ပြိုင်ပွဲများအားလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Flight Simulator နှင့် RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲများအားလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို တာဝန်ရှိသူများ၊ သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အခြေခံလေကြောင်းလူငယ်သင်တန်းသားများ RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများ အခြေခံစစ်ရေးပြ(လက်နက်ပါ) ပြိုင်ပွဲယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# ကမ္ဘောဇဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပွဲစဉ်တွင် ထိုင်းအသင်းကိုအနိုင်ယူပြီး မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်

**နေပြည်တော် မေ ၁၈**

၂၀၂၆ ကမ္ဘောဇဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့နှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို မေလ ၁၈ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာအသင်းသည် လေးယောက်တွဲပွဲစဉ် ကွာတားဖိုင်နယ်၌ နာမည်ကြီးထိုင်းအသင်းကိုအနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

မြန်မာအသင်းသည် လေးယောက်တွဲပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲတွင် တရုတ်အသင်းကို ၁၅-၇ မှတ်၊ ၁၅-၇ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်တက်ရောက်သွားသည်။ ကွာတားဖိုင်နယ်တွင် နာမည်ကြီးထိုင်းအသင်းနှင့်တွေ့ဆုံခဲ့ပြီး ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းနှင့်ထိုင်းအသင်းသည် ပထမပွဲငယ်တွင် အမှတ်များအပြန်အလှန်ရယူခဲ့ပြီး ၁၇-၁၆ မှတ်ဖြင့် မြန်မာအသင်းအနိုင်ရခဲ့သည်။ ဒုတိယပွဲငယ်တွင် ထိုင်းအသင်းအသာစီးရခဲ့ပြီး ၁၅-၆ မှတ်ဖြင့် ပြန်လည်အနိုင်ရသဖြင့် တတိယပွဲငယ်ပြန်လည်ယှဉ်ပြိုင်ခဲ့ရသည်။ တတိယပွဲငယ်အစတွင်မြန်မာအသင်းက တောက်လျှောက်ဦးဆောင်နိုင်သော်လည်း ၉ မှတ်စီပြန်တူညီသွားသဖြင့် လက်ကျန်ပွဲချိန်များတွင် အမှားမခံသည့်အနေအထားပြန်ဖြစ်သွားသည်။ သို့သော် ပွဲပြီးခါနီးတွင်အမှတ်များဆက်တိုက်ရယူကာ ၁၅-၁၂ မှတ်ဖြင့် အနိုင်ရခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေလ ၁၉ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့်အိန္ဒိယအသင်း၊ အိမ်ရှင်မလေးရှားအသင်းနှင့်ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၅-၂၀၂၆(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၀:၂၀ Memory Box |

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီလွှာဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ဟော်မုရေလက်ကြားအပေါ်မှီခိုနေရမှုကို လျှော့ချဖို့ကြိုးစားနေတဲ့ ပင်လယ်ကွေ့နိုင်ငံများ



အီရန်စစ်ပွဲဖြစ်ပြီးနောက် ပင်လယ်ကွေ့ဒေသမှာရှိတဲ့ အာရပ်နိုင်ငံတွေအားလုံး သူတို့ရဲ့လုံခြုံရေးအစီအမံတွေကို ပြန်ပြီးသုံးသပ်နေပါတယ်။ အထူးသဖြင့် ဘာရိန်း၊ ကူဝိတ်၊ အီရတ်၊ အိုမန်၊ ကာတာ၊ ယူအေအီး (UAE) နဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေက သူတို့ရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို ကမ္ဘာ့စျေးကွက်ဆီ ပို့ဆောင်နိုင်ဖို့ ပိုက်လိုင်းအသစ်တွေ ဆောက်လုပ်ရေးအတွက် ဖြစ်နိုင်ခြေကိုအရေးတကြီး ပြန်လည်သုံးသပ်နေကြတာဟာ လုံခြုံရေးလမ်းကြောင်းသစ် ရှာဖွေနေကြတယ်ဆိုတာကို အထင်ရှားဆုံး ပြသနေတာပါ။

အီရန်က ဟော်မုရေလက်ကြားကို ပိတ်ဆို့ပြီး ခြိမ်းခြောက်တာမျိုးကို နောက်တစ်ကြိမ် ခံစားခံအဖြစ်မခံတော့ဘူးလို့ ဒီဒေသတွင်းနိုင်ငံတွေဟာ ပြတ်ပြတ်သားသားဆုံးဖြတ်ထားပါတယ်။ တကယ်တော့ ဒီရေလက်ကြားအပေါ် မှီခိုနေရတာကို လျှော့ချဖို့ဆိုတာနည်းပညာအရဖြစ်နိုင်ပေမဲ့ ကုန်ကျစရိတ်အလွန်များမှာဖြစ်သလို ဟော်မုရေလက်ကြားကနေ ပင်လယ်ရေကြောင်းအတိုင်း သယ်ယူပို့ဆောင်နိုင်တဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပမာဏအမြောက်အမြားကို အပြည့်အဝအစားထိုးနိုင်ဖို့မလွယ်ပါဘူး။ ပိုက်လိုင်းအသစ်တွေကလည်း ဟော်မုရေလက်ကြားအပေါ် မှီခိုနေရမှုကို လျှော့ချပေးနိုင်ရုံပဲရှိမှာဖြစ်ပြီး လုံးလုံးလျားလျားကြီး ဖယ်ထုတ်ပစ်နိုင်မှာမဟုတ်ပါဘူး။

**ဟော်မုရေလက်ကြားက ဘာကြောင့်အရေးကြီးတာလဲ**

အီရန်နိုင်ငံက နိုင်ငံတကာအသုံးပြုနေတဲ့ ဟော်မုရေလက်ကြားလမ်းကြောင်းကို ပိတ်နိုင်တယ်ဆိုတဲ့ အလားအလာဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်ပေါင်းများစွာကတည်းက မဟာဗျူဟာမြောက် ကျွမ်းကျင်သူတွေ သတိထားခဲ့ရတဲ့ အန္တရာယ်ကြီးတစ်ခုဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ကမ္ဘာ့ပင်လယ်ရေကြောင်း ရေနံကုန်သွယ်မှုရဲ့ ငါးပုံတစ်ပုံကနေ လေးပုံတစ်ပုံလောက်ဟာ ဟော်မုရေလက်ကြားကို ဖြတ်သန်းသွားလာနေတာ ဖြစ်ပါတယ်။

သဘာဝဓာတ်ငွေ့ရည် (LNG) အတွက်ဆိုပိုတောင်ဆိုးပါသေးတယ်။ ကာတာနဲ့ တခြားပင်လယ်ကွေ့နိုင်ငံတွေကထွက်တဲ့ LNG တင်ပို့မှုတွေဟာ ပင်လယ်ရေကြောင်းအပေါ်မှာပဲ လုံးလုံးလျားလျားပုံအောထားရတာဖြစ်ပြီး ပိုက်လိုင်းနဲ့ အစားထိုးဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ။ ဒါကြောင့်လည်း ဟော်မုရေလက်ကြားဟာ ကမ္ဘာ့အရေးအပါဆုံး စွမ်းအင်သယ်ယူပို့ဆောင်ရေးအတွက်အဓိကနေရာ ဖြစ်နေရတာပါ။

အခုစစ်ပွဲမှာအံ့ဩသွားရတဲ့တစ်ချက်က အီရန်ဟာ ပဋိပက္ခစတင်ကတည်းက ရေလက်ကြားကို ချက်ချင်းပိတ်လိုက်တာပါပဲ။ အာရပ်အစိုးရတွေဘက်ကတော့ အီရန်ဟာစစ်ဖြစ်ရင် နောက်ဆုံးမတတ်သာတဲ့အခြေအနေကျမှပဲ ရေလမ်းပိတ်လိမ့်မယ်လို့ တွေးထားခဲ့ကြတာပါ။ ဒ့ါအပြင် ရေလက်ကြားကိုပိတ်လိုက်ရင်တောင်မှ အခုလိုမျိုးလနဲ့ချီပြီး ဘယ်တော့ပြန်ဖွင့်မယ်မှန်းမသိ ပိတ်ဆို့ထားနိုင်လိမ့်မယ်လို့ ဘယ်သူမှမထင်ထားခဲ့ကြပါဘူး။

ဒီအကျိုးဆက်ကြောင့် ကာတာနဲ့ ကူဝိတ်နိုင်ငံတို့ရဲ့ ရေနံနဲ့ ဓာတ်ငွေ့တင်ပို့မှုတွေဟာ ပြင်းပြင်းထန်ထန်ထိခိုက်ခဲ့ရပါတယ်။ ရေလမ်းကြောင်းကို ရှောင်ကွင်းနိုင်တဲ့ ပိုက်လိုင်းအခြေခံအဆောက်အဦတချို့ ရှိပြီးသားဖြစ်တဲ့ ဆော်ဒီအာရေဗျနဲ့ ယူအေအီးတို့တောင်မှ ရေလမ်းပိတ်ဆို့မှုကို တစ်စိတ်တစ်ပိုင်းပဲကျော်လွှားနိုင်ခဲ့ကြတာပါ။ ဆော်ဒီနဲ့ ယူအေအီးခေါင်းဆောင်တွေဟာ ဒီလိုအခြေအနေမျိုးဖြစ်လာနိုင်တယ်ဆိုတာကို တစ်ဖက်တစ်လမ်းက ပြင်ဆင်ထားခဲ့ကြတာတော့ ရှိပါတယ်။ ဆော်ဒီရဲ့ ပင်လယ်နီက ယန်ဘူဆီကို သွယ်တန်းထားတဲ့ အရှေ့-အနောက် ပိုက်လိုင်းဟာ ပင်လယ်ကွေ့အနီးရှိ ရေနံမြေတွေကနေ တစ်ရက်ကို ရေနံစိမ်းစည်ပေါင်း ၇ သန်းနီးပါးအထိ အာရေဗျကျွန်းဆွယ်ရဲ့ တစ်ဖက်ကမ်းကဆိပ်ကမ်းဆီ ပို့ဆောင်ပေးနိုင်ပါတယ်။ ယူအေအီးရဲ့ ဟတ်ရှန်-ဖူဂျိုင်းရာပိုက်လိုင်းကလည်း တစ်ရက်ကို စည် ၁ သန်းခွဲခန့် ရွှေ့ပြောင်းပေးနိုင်ပါတယ်။

ဒါပေမဲ့ ပင်လယ်နီဘက်က ဆိပ်ကမ်းတွေမှာတော့ အခြေခံအဆောက်အဦ မလုံလောက်တဲ့အတွက် ဆော်ဒီဟာ တခြားရွေးချယ်စရာ ပိုက်လိုင်းမှတစ်ဆင့် တစ်ရက်ကို ရေနံစည် ၄ သန်းကနေ ၅ သန်းဝန်းကျင်ပဲ ရွှေ့ပြောင်းနိုင်ပါသေးတယ်။ ဒါဟာ သူတို့ တင်ပို့နိုင်စွမ်းရဲ့ ၇၀ ရာခိုင်နှုန်းလောက်ပဲ ရှိတာပါ။ ယူအေအီးမှာလည်း ရေလက်ကြားကိုရှောင်နိုင်တဲ့ ပိုက်လိုင်းကနေ သူတို့နေ့စဉ်တင်ပို့နိုင်စွမ်းရဲ့ ထက်ဝက်ခန့်ကိုပဲ ကိုင်တွယ်နိုင်ပါသေးတယ်။

**အပြေးအလွှား ကြိုးပမ်းလာတဲ့ ပိုက်လိုင်းစီမံကိန်းအသစ်များ**

ဒါကြောင့် အခုအချိန်မှာ ပိုက်လိုင်းစီမံကိန်းအသစ်တွေဖော်ဆောင်ဖို့ ပြိုင်ဆိုင်မှုပြင်းထန်လာနေပါပြီ။ သီအိုရီအရတော့ ပင်လယ်နီဘက်မှာ ရေနံတင်ပို့မယ့် ဆိပ်ကမ်းအဆောက်အအုံတွေကို တိုးချဲ့လာခြင်းက ရှိပြီးသားပိုက်လိုင်းတွေကို အထောက်အကူပြုသလို ရေနံတင်ပို့မှုကို အီရန်ရဲ့ဝေးရာဆီ ရွှေ့ပြောင်းပေးနိုင်တာမို့ အလွန်အကျိုးအကြောင်းဆီလျော်ပါတယ်။

အီရတ်နိုင်ငံဆိုရင် သူတို့ရဲ့တောင်ပိုင်းဆိပ်ကမ်းဖြစ်တဲ့ ဘက်စရာကနေ ဂျော်ဒန်နိုင်ငံရဲ့ ပင်လယ်နီဆိပ်ကမ်း အာကာဘာအထိသွယ်တန်းမယ့် ပိုက်လိုင်းတစ်ခုဆောက်ဖို့ လေ့လာနေပါတယ်။ ဒါဆို အီရတ်ရဲ့ ရေနံစိမ်းတွေဟာ ဟော်မုကိုလုံးဝရှောင်ကွင်းနိုင်ပြီး ပင်လယ်နီလမ်းကြောင်းထဲကို တိုက်ရိုက်ထည့်သွင်းနိုင်မှာပါ။ တစ်ချိန်တည်းမှာ ဆော်ဒီကလည်း နောက်ထပ် ပိုက်လိုင်းတွေဆောက်ဖို့စီစဉ်နေပါတယ်။ ဒါပေမဲ့ အခက်အခဲကတော့ ပင်လယ်နီကနေတစ်ဆင့် ရေနံတင်မယ့် သင်္ဘောတွေဟာ ယီမင်နိုင်ငံရှိ အီရန်ကိုလိုလားတဲ့ ဟူသီသူပုန်တွေရဲ့ ခြိမ်းခြောက်မှုကို ခံရနိုင်ခြေရှိနေဆဲပဲဖြစ်ပါတယ်။ ဟူသီတွေက ပင်လယ်နီနဲ့အေဒင်ပင်လယ်ကွေ့၊ အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ထားတဲ့ ဘပ်အယ်မန်ဒက် ရေလက်ကြားကို အရင်ကပိတ်ဆို့ခဲ့ဖူးပါတယ်။

ဒီအကြောင်းရင်းကြောင့်ပဲ တခြားစဉ်းစားနေတဲ့ စီမံကိန်းတွေမှာ စွမ်းအင်ထုတ်ကုန်တွေကို ပင်လယ်ကွေ့ကမ်းခြေမှာရှိတဲ့ ဆော်ဒီရဲ့ရေနံချက်စက်ရုံတွေကနေတစ်ဆင့် ယူအေအီးရဲ့ အိုမန်ပင်လယ်ကွေ့ဘက်မှာရှိတဲ့ ခေါဖတ်ကန်လို ဆိပ်ကမ်းတွေဆီ ပို့ဆောင်ဖို့ ပိုက်လိုင်း၊ လမ်းမကြီးတွေနဲ့ ရထားလမ်းတွေအပါအဝင် အခြေခံအဆောက်အအဦ လမ်းကြောင်းအသစ်တွေ တည်ဆောက်ဖို့ပါဝင်လာတာ ဖြစ်ပါတယ်။ အဲဒီလို ဆိပ်ကမ်းကနေမှတစ်ဆင့် ပြည်ပစျေးကွက်ကြီးတွေဆီ တိုက်ရိုက်တင်ပို့နိုင်မှာပါ။

နောက်ထပ်ဖြစ်နိုင်ခြေတစ်ခုကတော့ ဆော်ဒီရဲ့ ရေနံမြေတွေကနေ ဂျော်ဒန်နဲ့ ဆီးရီးယားကိုဖြတ်ပြီး မြေထဲပင်လယ်ကမ်းခြေက လက်ဘနွန်ဆိပ်ကမ်းတွေဆီကိုဆက်သွယ်ဖို့ ၁၉၄၀ ပြည့်လွန်နှစ်တွေကတည်းက ဆောက်ခဲ့တဲ့ အာရပ်ဖြတ်ကျော်ပိုက်လိုင်းကို ပြန်လည်အသုံးပြုဖို့ပါပဲ။ ဒီပိုက်လိုင်းဟာ ၁၉၈၀ ပြည့်လွန်နှစ်တွေကတည်းကစလို့ လည်ပတ်မှုရပ်နားထားတာ ဖြစ်ပေမဲ့ ပိုင်ရှင်ဖြစ်တဲ့ ဆော်ဒီရဲ့အာရမ်ကို ရေနံကုမ္ပဏီကြီးကတော့ ပိုက်လိုင်းက အခုထိအလွန်ကောင်းမွန်တဲ့ အခြေအနေမှာ ရှိနေသေးတယ်လို့ ဆိုပါတယ်။ ဒီထက်ပိုပြီး ကြီးကျယ်တဲ့ စိတ်ကူးကတော့ ပင်လယ်ကွေ့ကနေ ယူအေအီးပိုင်နက်ကိုဖြတ်ကာ အိုမန်ပင်လယ်ကွေ့ထဲအထိ တူးမြောင်းတစ်ခုဖောက်လုပ်ဖို့ပါပဲ။ ဒါဆိုရင် ရေနံတင်သင်္ဘောတွေက ဟော်မုရေလက်ကြားကို လုံးဝရှောင်ကွင်းသွားနိုင်မယ်လို့ ယူဆကြပါတယ်။

**ကြီးမားလှတဲ့ အတားအဆီးများ**

ဒါပေမဲ့ ဒီလိုမျိုးအဆိုပြုချက်တွေအားလုံးအတွက် အတားအဆီးတွေကတော့ အင်မတန် ကြီးမားနေဆဲပါ။ ပထမအချက်က ကုန်ကျစရိတ်ဖြစ်ပါတယ်။ ၁၉ ရာစုက အီဂျစ်မှာ ဆောက်ခဲ့တဲ့ စူးအက်တူးမြောင်းကို အတုယူစဉ်းစားကြတဲ့ စူးအက်တူးမြောင်းအသစ်ဆိုတဲ့စိတ်ကူးဟာ တစ်ကြိမ်သွားရင် ရေနံစည် ၃ သန်းအထိ တင်ဆောင်နိုင်တဲ့ ဒီနေ့ခေတ် ဧရာမရေနံတင်သင်္ဘောကြီးတွေ ဖြတ်သန်းနိုင်တဲ့အထိနက်ပြီး ကျယ်မှသာအဓိပ္ပာယ်ရှိမှာပါ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုတွေကိုဖယ်ထားရင်တောင်မှ ဒီလိုတူးမြောင်းမျိုး ဆောက်ဖို့အတွက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း ရာနဲ့ချီကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။

ဒုတိယအချက်ကတော့ ပင်လယ်ကွေ့မှရေနံတင်ပို့မှုကို အနောက်ဘက်ဆီလွှဲပြောင်းဖို့ကြိုးစားတာဟာ စီးပွားရေးအရ သိပ်တွက်ချေမကိုက်ပါဘူး။ ဘာလို့လဲဆိုတော့ ပင်လယ်ကွေ့ရဲ့အဓိကဝယ်သူတွေဟာ အရင်တုန်းကလို ဥရောပစျေးကွက်တွေမဟုတ်တော့ဘဲ အရှေ့ဘက်က တရုတ် ဒါမှမဟုတ် အိန္ဒိယလို နိုင်ငံတွေဖြစ်နေလို့ပါ။

နိုင်ငံရေးကလည်း နောက်ထပ် အတားအဆီးတစ်ခုပါ။ မူလက အာရပ်ဖြတ်ကျော်ပိုက်လိုင်းကို ဗြိတိသျှထိန်းချုပ်မှုအောက်ရှိ ပါလက်စတိုင်းဆိပ်ကမ်းဖြစ်တဲ့ ဟိုင်ဖာကနေတစ်ဆင့် အာရပ်ရေနံတွေတင်ပို့ဖို့ ရည်ရွယ်ခဲ့တာပါ။ အခုဟိုင်ဖာဟာ အစ္စရေးရဲ့ အဓိကဆိပ်ကမ်းဖြစ်နေပါပြီ။ အာရပ်ဖြတ်ကျော်ပိုက်လိုင်းကို လက်ဘနွန်ဘက် လွှဲခဲ့တယ်ဆိုပေမဲ့ ဆီးရီးယား ဒါမှမဟုတ် လက်ဘနွန်နိုင်ငံတွေကို ဖြတ်သန်းပြီး ရေနံအမြောက်အမြားသယ်ယူဖို့ ဆော်ဒီဘက်ကသံသယရှိနေဦးမှာပါ။ ဒ့ါအပြင် လက်ရှိ ဆော်ဒီနဲ့ ယူအေအီး ဆက်ဆံရေးဟာလည်း အထူးတလည် ကောင်းမွန်မနေတာကြောင့် နိုင်ငံနှစ်ခုကြား တူးမြောင်းဖောက်ဖို့အတွက် နိုင်ငံရေးအရတွန်းအားသိပ်မရှိပါဘူး။

ဒါပေမဲ့ အကြီးမားဆုံးပြဿနာကတော့ ပို့ကုန်လမ်းကြောင်းအသစ်တွေက အီရန်ရဲ့ ခြိမ်းခြောက်နိုင်စွမ်းကို လျှော့ချပေးမှာမှန်ပေမဲ့ ပိုက်လိုင်းအသစ်တွေဟာ အီရန်ရဲ့ လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ခံရနိုင်ခြေရှိနေဆဲဖြစ်တာပါပဲ။ အီရန်ကို ခုခံနိုင်မယ့် လေကြောင်းရန်ကာကွယ်ရေးစနစ်တွေကိုပါ အင်တိုက်အားတိုက် တိုးမြှင့်တပ်ဆင်မှသာ ဒီပိုက်လိုင်းတွေဟာ အလုပ်ဖြစ်မှာပါ။

ရေရှည်မှာတော့ အီရန်ဟာ တန်ဖိုးကျဆင်းလာနေတဲ့ မဟာဗျူဟာမြောက် အခွင့်အရေးတစ်ခုကိုပဲ ဆုပ်ကိုင်ထားနေရတယ်ဆိုတာ မေးခွန်းထုတ်စရာမလိုပါဘူး။ ဒ့ါအပြင် နောင်တစ်ချိန်မှာ အာရပ်မှရေနံတင်ပို့သူတွေဟာ သူတို့ရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့အတွက် အခြားလမ်းကြောင်းတွေကို ရှာတွေ့သွားကြမှာပါ။ ဒါပေမဲ့ အနည်းဆုံးတော့ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ အိမ်နီးချင်းနိုင်ငံတွေအပေါ် ဖိအားပေးနိုင်တဲ့ အီရန်ရဲ့စွမ်းရည်မြင့်မားနေဦးမယ်ဆိုတာ သေချာပါတယ်။ ဘာကြောင့်လဲဆိုရင် အခုစဉ်းစားနေတဲ့ ဘယ်လိုနည်းလမ်းကမှ ဟော်မုရေလက်ကြားကနေဖြတ်သန်းသယ်ယူနေတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ပမာဏကို အပြည့်အဝ အစားမထိုးနိုင်သေးလို့ ဖြစ်ပါတယ်။

Ref: ST

ထက်မြတ်

## ယဉ်ကျေးမှုနေရာများ တိုက်ခိုက်ခံရမှုအပေါ် အီရန်က အမေရိကန်နှင့် အစ္စရေးကို တရားစွဲဆိုမည်

**တီဟီရန်၊ တရားရေး**

အီရန်နိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ နေရာများတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ အမေရိကန်နှင့်အစ္စရေးနိုင်ငံတို့ကို တရားရုံးတွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကာဇမ် ဂါရီဘာဘာဒီကပြောသည်။

အမေရိကန်နှင့် အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ယူနက်စကိုမှတ်တမ်းဝင်နေရာငါးခုအပါအဝင် အီရန်ပြည်နယ် ၂၀ ရှိ သမိုင်းဝင်အထင်ကရနေရာများနှင့် ပြတိုက်စုစုပေါင်း ၁၄၉ ခုပျက်စီးကြောင်း ဂါရီဘာဘာဒီက မေလ ၁၇ ရက်တွင်ပြောသည်။

အဆိုပါပျက်စီးမှုများကို ပြန်လည်ပြုပြင်ရန် အမေရိကန်ဒေါ်လာ ၃၉ သန်းနီးပါးကုန်ကျမည်ဖြစ်သည်။ အမေရိကန်နှင့် အစ္စရေးတို့က သမိုင်းဝင်အထင်ကရနေရာများကို တိုက်ခိုက်မှုသည် ဥပဒေမဲ့ပြုမူနေမှုကို ထင်ရှားစွာပြသခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးကအခိုင်အမာပြောသည်။ ယဉ်ကျေးမှုနှင့် သက်ဆိုင်သောနေရာများကို ကာကွယ်ရမည်ဖြစ်ပြီး နိုင်ငံတကာတာဝန်ယူမှုဘောင်အတွင်းမှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်။

**Ref: RT**

## အီရန်အနေဖြင့် အလျှော့ပေးခြင်းမရှိပါက တိုက်ခိုက်မှုအသစ် ပြုလုပ်မည်ဟု ထရမ့်ခြိမ်းခြောက်



**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအနေဖြင့် အလျှော့ပေးခြင်းမရှိပါက တိုက်ခိုက်မှုအသစ် ပြုလုပ်မည်ဖြစ်ကြောင်းခြိမ်းခြောက်ထားပြီးအီရန်နိုင်ငံအတွက် အချိန်ကုန်နေပြီဖြစ်ကြောင်း ပြောထားသည်ဟုသိရသည်။

ထရမ့်သည် ယခုသီတင်းပတ်အကုန်တွင်အမျိုးသားလုံခြုံရေးအဖွဲ့နှင့် တွေ့ဆုံပြီးနောက် ပင်တဂွန်စစ်ဌာနချုပ်က အီရန်၏ စွမ်းအင်နှင့် အခြေခံအဆောက်အဦနေရာများအပါအဝင် ပစ်မှတ်စာရင်းကို ပြင်ဆင်ထားကြောင်း သိရသည်။

အမေရိကန်နှင့် အီရန်တို့ကြား ဧပြီလအစောပိုင်းတွင် အပစ်အခတ်ရပ်စဲရေးရရှိခဲ့သော်လည်း နှစ်နိုင်ငံကြား ပါကစ္စတန်ကြားခံထားသည့် ဆွေးနွေးမှုများရပ်တန့်နေဆဲဖြစ်သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးကမူ ထရမ့်အစိုးရ၏ အမြင့်ဆုံးတောင်းဆိုမှုနှင့် ရန်စသောစကားလုံးများသည် သဘောတူညီချက်ရရှိရန်အဓိကအတားအဆီးဖြစ်သည်ဟုပြောထားသည်။

ယခုပဋိပက္ခကို အဆုံးသတ်စေနိုင်ရန် အီရန်က ပြင်ဆင်ထားသည့် အဆိုပြုချက်အသစ်ကို ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုထံသို့ ပေးပို့ထားကြောင်း ပါကစ္စတန်သတင်းအရင်းအမြစ်တစ်ခုက မေလ ၁၈ ရက်တွင် ပြောသည်။ ထို့ပြင် နှစ်နိုင်ငံကြား သဘောထားကွဲလွဲမှုများကိုလျှော့ချရန် အချိန်သိပ်မကျန်တော့ကြောင်းလည်း သတိပေးထားသည်။ အီရန်၏အဆိုပြုချက်အသစ်ကို အမေရိကန်သို့ ပေးပို့ထားသော်လည်း ထိုအဆိုပြုချက်တွင်မည်သည့်အချက်များပါဝင်သည်ကို မသိရသေးကြောင်းသိရသည်။

**Ref: RT**

## ပြည်သူများအနေဖြင့် အီဘိုလာဗိုင်းရပ်ကို သတိပြုရန် ကမ္ဘောဒီးယားတိုက်တွန်း

**ဖနွမ်းပင်၊ ကျန်းမာရေး**

ကမ္ဘောဒီးယား၌ လက်ရှိအချိန်အထိ အီဘိုလာဗိုင်းရပ်ကူးစက်ခံရသူ မတွေ့ရှိရသေးသော်လည်း ပြည်သူများအနေဖြင့် သတိပြုရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရန် အစိုးရကတိုက်တွန်းကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေလ ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကြောင့် လူ ၈၀ ကျော် သေဆုံးပြီး ယူဂန်ဒါနိုင်ငံသို့ပါ ကူးစက်မှုနှင့် သေဆုံးမှုပျံ့နှံ့သွားသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နိုင်ငံတကာအရေးပေါ် ကျန်းမာရေးအခြေအနေအဖြစ် ကြေညာပြီးနောက် ကမ္ဘောဒီးယားအစိုးရက ယခုကဲ့သို့တိုက်တွန်းခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိကာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများထံသို့ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့်အသိပညာပေးမှုများနှင့် လမ်းညွှန်ချက်များကိုဖြန့်ဝေပေးထားကြောင်းသိရသည်။

**Ref: Xinhua**

## အိန္ဒိယမြောက်ပိုင်းတွင် ကုန်တင်ကားနှင့် ခရီးသည်တင်ကား တိုက်မိ လူ ၁၀ ဦး သေဆုံး

**လက်နောင်း၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ မေလ ၁၈ ရက်တွင် ကုန်တင်ကားတစ်စီးနှင့် ခရီးသည်တင်ဗန်ကားတစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှုကြောင့် အနည်းဆုံးလူ ၁၀ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါ မတော်တဆမှုသည် ဥတ္တရပရာဒေ့ရှ်ပြည်နယ် လက်နောင်းမြို့၏ မြောက်ဘက် ၁၄၀ ကီလိုမီတာခန့်အကွာ အဝေးပြေးလမ်းမပေါ်တွင်ဖြစ်ပွားခြင်းဖြစ်သည်။

ဖြစ်စဉ်တွင် အရှိန်ပြင်းစွာ မောင်းနှင်လာသော ကုန်တင်ကားက ခရီးသည်တင်ဗန်ကားကိုဝင်တိုက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မတော်တဆမှုကြောင့် လူကိုးဦးမှာ အခင်းဖြစ်ပွားရာနေရာတွင်ပင်သေဆုံးသွားသည်။ ထို့နောက် စိုးရိမ်ရသည့် ဒဏ်ရာရရှိခဲ့သူအမျိုးသားတစ်ဦးမှာ ခရိုင်ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ရရှိသောဒဏ်ရာများဖြင့်ပင် သေဆုံးသွားကြောင်းသိရသည်။

**Ref: Xinhua**

## တရုတ်နိုင်ငံ၌ အင်အား ၅ ဒသမ ၂ မဂ္ဂနီကျူးရှိ ငလျင်တစ်ခုလှုပ်ခတ်၊ တိုက် ၁၃ လုံးပြိုကျ



**လျူကျိုး၊ သဘာဝဘေး**

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ကွမ်ရှီကျောင်းဒေသ၌ မေလ ၁၈ ရက်အစောပိုင်းတွင် အင်အား ၅ ဒသမ ၂ မဂ္ဂနီကျူးရှိ ငလျင်တစ်ခုလှုပ်ခတ်ရာ လူနှစ်ဦးသေဆုံးကြောင်းနှင့် တိုက် ၁၃ လုံးပြိုကျမှုဖြစ်ပွားကြောင်း တာဝန်ရှိသူများကပြောသည်။ ထို့ပြင် လူ ၇၀၀၀ ခန့်မှာ ဘေးကင်းရာသို့ထွက်ခွာရကြောင်းနှင့် တာဝန်ရှိသူများက ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်နေကြောင်းသိရသည်။

သေဆုံးသူနှစ်ဦးသည် အသက် ၆၃ နှစ်ရှိအမျိုးသားတစ်ဦးနှင့် အသက် ၅၃ နှစ်ရှိ အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း၊ ပျောက်ဆုံးနေသူဖြစ်သည့် အသက် ၉၁ နှစ်ရှိ အမျိုးသားတစ်ဦးကို နောက်ပိုင်းတွင် ပြန်လည်ရှာဖွေတွေ့ရှိပြီးနောက် ဆေးရုံသို့ ပို့ဆောင်ထားကြောင်း CCTV သတင်းဌာနကဖော်ပြထားသည်။

ကွမ်ရှီကျောင်းဒေသတာဝန်ရှိသူများသည် အစောပိုင်းတွင် အဆိုပါငလျင်နှင့်ပတ်သက်၍ အဆင့် ၃ အရေးပေါ်တုံ့ပြန်မှုအစီအစဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့နောက် နံနက်ပိုင်းတွင် အဆင့် ၄ အရေးပေါ်တုံ့ပြန်မှုအဖြစ်ပြောင်းလဲသတ်မှတ်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်ကောင်စီ ငလျင်ဘေးကယ်ဆယ်ရေးရုံးကထုတ်ပြန်ထားသည်။

**Ref: Xinhua**

## လေကြောင်းပြပွဲအတွင်း အမေရိကန်စစ်လေယာဉ်နှစ်စင်း လေထဲတွင်တိုက်မိပြီးပျက်ကျ

**ဘွိုက်၊ စစ်ရေး**

အမေရိကန်နိုင်ငံ အီဒါဟိုပြည်နယ်တွင် ကျင်းပသော လေကြောင်းပြပွဲ၌ အမေရိကန်ရေတပ်မှ အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်နှစ်စင်းသည် လေထဲတွင်တိုက်မိပြီးပျက်ကျသွားကြောင်းနှင့် လေယာဉ်မှူးလေးဦးစလုံးမှာ ဘေးကင်းစွာခုန်ထွက်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်သည် မေလ ၁၇ ရက်တွင် Gunfighter Skies အမည်ရှိ လေကြောင်းပြပွဲ၌ဖြစ်ပွားခြင်းဖြစ်ပြီး လေပေါ်၌တိုက်မိသည့်လေယာဉ်များမှာ EA-18G Growler လေယာဉ်များဖြစ်ကြောင်း၊ လေယာဉ်များသည် အလွန်နိမ့်သောအမြင့်ပေမှ နီးကပ်စွာပျံသန်းနေစဉ် တိုက်မိခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ယင်းနောက်တစ်နေရာအရောက်တွင် လေယာဉ်နှစ်စင်းတိုက်မိပြီး မြေပေါ်သို့ ပျက်ကျသွားခြင်းဖြစ်ကြောင်းနှင့်လေယာဉ်မှူးများမှာ လေယာဉ်မပျက်ကျမီစက္ကန့်ပိုင်းအလိုတွင် လေယာဉ်ပေါ်မှခုန်ထွက်လိုက်နိုင်ကြောင်း အွန်လိုင်းပေါ်ရှိဗီဒီယိုများတွင် တွေ့ရသည်။

ဘိုးအင်းကုမ္ပဏီကထုတ်လုပ်ထားသည့် EA-18G Growler လေယာဉ်သည်လေယာဉ်တင်သင်္ဘောအခြေပြုပျံသန်းနိုင်သည့် လေယာဉ်ဖြစ်ပြီး အီလက်ထရွန်နစ်စစ်ဆင်ရေးဆောင်ရွက်နိုင်စွမ်းရှိကြောင်း တာဝန်ရှိသူများကပြောသည်။

**Ref: ST**



# ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၅/ ၂၀၂၆ နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၅/၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးအား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဗဟိုအမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အား ချီးမြှင့်ငွေနှင့်ဆန်အိတ်များပေးအပ်စဉ်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ချီးမြှင့်ငွေနှင့် ဆန်အိတ်များပေးအပ်ရာ ၎င်းတို့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့မှတာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းမှူးက ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန(တွံတေး)ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်ဦးသန်းဝင်းနှင့် ဦးအုန်းခိုင်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပေးမှု၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူ့အသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသော အမျိုးသမီးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်ရေးနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်ရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာဖြစ်သော အပ်ချုပ်သင်တန်း၊ သိုးမွေးထိုးသင်တန်းနှင့်အခြေခံမြန်မာ့သိုင်းပညာသင်တန်းများ သင်ကြားပေးနေမှု၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင်ဆောင်ရွက်ပေးမှုတို့နှင့်ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို မေးမြန်းမှတ်တမ်းတင်ကြပြီး ခရီးစဉ်အတွင်းစစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများသို့ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၆) သင်တန်းဖွင့်





ရန်ကုန် မေ ၁၈

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၆) ၏ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၂၆)သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၉၅ ဦး၊ သင်တန်းသူ ၁၁၄ ဦး စုစုပေါင်း ၂၀၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၁၈ ရက်မှ ဩဂုတ်လ ၇ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့်ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၇၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ငါးဖမ်းရာသီပိတ်ထားချိန် အေးခဲစက်ရုံများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်စည်မပြတ်စီးဆင်းလျက်ရှိ



ရန်ကုန်    မေ    ၁၈

ပင်လယ်ပြင်ငါး/ပုစွန်ပေါက်ပွားချိန် ငါးဖမ်းရာသီပိတ်ထားချိန်၌ ရန်ကုန်မြို့ရှိ အေးခဲစက်ရုံများမှ ရေငန်ထွက်ကုန်များ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ကုန်စည်မပြတ် စီးဆင်းလျက်ရှိကြောင်း ဗဟိုစံပြငါးဈေးရှိအမ်အမ်အေရေထွက်ကုန် ကုမ္ပဏီမှသိရသည်။

ငါးဖမ်းရာသီဖွင့်ထားချိန်တွင် ရန်ကုန်မြို့ဆိပ်ကမ်းများသို့ ဝင်ရောက်လာသည့် ရေငန်ထွက်ကုန်များအား ရာသီပိတ်ချိန်တွင် မပြတ်ရောင်းချနိုင်ရန် ကုန်စည်အချို့အား အအေးခန်းစက်ရုံများသို့ ပို့ဆောင်ထားကြပြီး ရာသီပိတ်ချိန်ပြေီလမှဇွန်လအထိ သုံးလအတွင်း ရွှေပိတောက်ငါးဈေးနှင့်ဗဟိုစံပြငါးဈေးတို့မှ ပြည်တွင်းစားသုံးမှုအဖြစ် ကုန်စည်စီးဆင်း၍ ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများမှ တရုတ်နိုင်ငံသို့ကုန်စည်မပြတ်တင်ပို့လျက်ရှိသည်။

"ပင်လယ်ငါးဖမ်းရာတွင် သုံးလမပိတ်မီ ဝင်လာတဲ့ ရေငန်ထွက်ကုန်တချို့တစ်ဝက်ကို ကုမ္ပဏီတွေက အေးခဲစက်ရုံကိုပို့ကြပါတယ်။ အဲ့ဒီအချိန်က အအေးခန်းစက်ရုံဝန်ဆောင်ခထက် အခုအချိန်အအေးခန်းစက်ရုံဝန်ဆောင်ခစရိတ် မြင့်လာတာကြောင့် ရောင်းကုန်အပေါ်မှာ ဈေးနှုန်းမြင့်သွားပေမယ့် ပြည်တွင်းဈေးကွက်မှာ ရေငန်ထွက်ကုန်ပြတ်လပ်မှုမရှိတဲ့အပြင် ရေချိုထွက်ကုန်ဈေးနှုန်းမြင့်မှုကိုလည်း ထိန်းစေပါတယ်။ ပြည်ပပို့ကုန် ဆိုရင် မှာတဲ့အတိုင်း ကွန်တိန်နာတစ်လုံးဖြစ်စေ၊ နှစ်လုံးဖြစ်စေ အေးခဲစက်ရုံကနေပို့နေကြပါတယ်။ အခုက ငါးဖမ်းရာသီပိတ်ထားပေမယ့် ပြည်ပပို့ကုန်ရပ်နားမှုမရှိပါဘူး။ ဇူလိုင်လဆိုရင် ငါးဖမ်းရာသီပြန်ဖွင့်မှာဖြစ်လို့ ကုန်စည်စီးဆင်းမှု ပိုပြီးစည်ကားလာမှာပါ"ဟု ဗဟိုစံပြငါးဈေးရှိ အမ်အမ်အေကုမ္ပဏီမှ ရေလုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများမှ ရေငန်ပုစွန်မျိုးစုံ၊ ငါးမုတ်ဖြူ၊ ငါးမုတ်မဲ၊ ငါးရွှေ၊ ငါးသင်ဖြူ၊ သင်ဝါ၊ ငါးတံခွန်၊ ကကူရံ၊ ကင်းမွန်နှင့် စားသုံးမှုများသော ရေငန်ထွက်ကုန်များကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး ရန်ကုန်မြို့ရှိ တရုတ်ကုမ္ပဏီများမှ ငါးဖမ်းစက်လှေ ၅၀ ခန့်က ပို့ဆောင်သည့် ရေငန်ထွက်ကုန်များအား ကြို့ကုန်း၊ တောင်ဒဂုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ အအေးခန်းစက်ရုံများမှ တိုက်ရိုက်တင်ပို့သည့်အပြင် ဟိုင်လုံဆိပ်ကမ်း၊ ညောင်တန်းဆိပ်ကမ်း၊ ရွှေဇင်ယော်ဟိန်းဆိပ်ကမ်းနှင့်ကြို့ကုန်းဆိပ်ကမ်းတို့မှ ရေငန်ထွက်ကုန်များကို လည်းဝယ်ယူ၍ တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိသည်။

ရန်ကုန်ဈေးကွက်တွင် စားသုံးမှုများသည့် ပလာတူးငါး၊ မျက်ကြယ်ငါး၊ ပီသာငါး၊ မီးလုံးငါးအပါအဝင် အခြားရေငန်ငါးများ အေးခဲထွက်ကုန်အဖြစ် ရောင်းအားသွက်လျက်ရှိသည်။ ရေငန်ထွက်ကုန်များအား အအေးခန်းစက်ရုံများသို့ ပို့ဆောင်ပါက 1kg (၆၂ ကျပ်ခွဲသား) တစ်ရက်အေးခဲငွေကျပ် ၆၀၀၊ ထိန်းသိမ်းခအဖြစ် ငွေကျပ် ၅၀ ဝန်ဆောင်ခပေးရကြောင်း သိရသည်။

ရေငန်ထွက်ကုန်များ သင်္ကြန်မတိုင်မီတွင် အရောင်းအဝယ်အထူးကောင်းမွန်ခဲ့ပြီး သင်္ကြန်ကာလနောက်ပိုင်းအရောင်းအဝယ် ပုံမှန်အတိုင်းလည်ပတ်လျက်ရှိသည်။ ပြည်ပနိုင်ငံများအနေဖြင့် ရေငန်ထွက်ကုန်များကို အများဆုံးစားသုံးမှုကြောင့် မြန်မာနိုင်ငံမှ နှစ်စဉ်ရေငန်ထွက်ပစ္စည်းများ တင်ပို့လျက်ရှိရာ ငါးဖမ်းရာသီပိတ်ထားချိန်၌ အအေးခန်းစက်ရုံများမှ ကုန်စည်မပြတ်စီးဆင်းမှုဖြင့် နိုင်ငံခြားဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ – ဖွဲ့မာန်– သစ္စာ(mna)**

## (၁၈-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၁ ~ ၃၆၆၈ | ၅၃၈ ~ ၅၃၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၂၆၅,၃၇၀.၄၈ | ၁၄,၉၉၅,၅၀၈.၀၉ | ၄၇,၂၀၉,၁၉၉.၀၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၃၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ရွှေသောင်ယံမြို့ မီးလင်းဂျိုင်ဒေသတွင် LNG သုံးဓာတ်အားပေးစက်ရုံနှင့် မီးလင်းဂျိုင် - ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည်

ပုသိမ်    မေ    ၁၈

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ မီးလင်းဂျိုင်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ၁၃၉၀ မဂ္ဂါဝပ် LNG သုံးဓာတ်အားပေးစက်ရုံနှင့် မီးလင်းဂျိုင်-ရန်ကုန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဆိုင်ရာအချက်အလက်များဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ MEE LIN GIANG ELECTRIC POWER COMPANY LIMITED က ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ထံ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုမ္ပဏီတာဝန်ရှိသူများ၏ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ဌာနဆိုင်ရာများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့ကို ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနားသို့တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများကို အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော်    မေ    ၁၈

ယနေ့နံနက် ၈ နာရီ ၃၅ မိနစ် ၂၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှတောင်-အရှေ့တောင်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျောက်တန်းမြို့နယ်၏ တောင်ဘက် ၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆.၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆.၃၄ ဒီဂရီ၊ အနက် ၄၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၅.၂(M) အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်းတိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

၂၀၂၆ ခုနှစ် မေလ ၁၈ ရက်နေ့ မြန်မာစံတော်ချိန် ၀၈ နာရီ ၃၅ မိနစ် ၂၆ စက္ကန့်အချိန်တွင် လှုပ်ရှားခဲ့သော မြေငလျင်ဗဟိုချက်ပြမြေပုံ




## အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော်    မေ    ၁၈

ယနေ့မွန်းလွဲ ၁၂ နာရီ ၃၁ မိနစ် ၅၀ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၇ မိုင်ခန့်ကွာဝေးသောမြန်မာနိုင်ငံပြည်တွင်း(ဂန့်ဂေါမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၂.၁၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၃၁ ဒီဂရီ၊ အနက် ၃၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၅(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

## ရေချွေတာရေးနည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

# စစ်ကိုင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု




မုံရွာ မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ဧရာဝတီမြစ်ရေမှ ရေတင်စနစ်ဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကိုကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်း-မင်းကွန်းကားလမ်း ဧရာဝတီမြစ် ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးအတွက် ဘိုးပိုင်အခြေပြုသံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်နေမှုနှင့် လျှော့လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စာသင်ကျောင်းဆောင်များ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်အမီ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား




# ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ဒေသခံရဝမ်နှင့် လီဆူတိုင်းရင်းသားမျိုးနွယ်စုများအား တွေ့ဆုံရှင်းလင်း

မြစ်ကြီးနား မေ ၁၈

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံ ကော်မတီအဖွဲ့ဝင်များက ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများရှင်းလင်းစွာ သိရှိနားလည်ရေး တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် ပူတာအိုခရိုင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ဒေသခံရဝမ်နှင့်လီဆူတိုင်းရင်းသားမျိုးနွယ်စုများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲများတွင် ဒေသခံကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးထွန်းထွန်းလှိုင်၊ ဦးနော်ထွဲ၊ ဦးမုန်ရိန်နော်၊ ဦးဂျန်ခုန့်(ခ)ဦးနော်ခုန့်တို့က ရေအားလျှပ်စစ်နှင့် ပတ်သက်သည့်သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်းက ဘူမိဗေဒဆိုင်ရာ တွေ့ရှိချက်များအပေါ် သုံးသပ်ရှင်းလင်းသည်။

အဆိုပါ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲများကို ပူတာအိုမြို့တွင် တိုင်းခမ်းတီနှင့်ဂျိန်ဖော့မျိုးနွယ်စုများ၊ မချမ်းဘော့မြို့တို့တွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ၂၀၂၆ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီးလေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ဗြိတိန်အားကစားလောကတွင် စတာလင်ပေါင် တစ်ဘီလီယံကျော်ချမ်းသာကြွယ်ဝသည့် ပထမဆုံးကစားသမားဟောင်းအဖြစ် ဒေးဗစ်ဘက်ခမ်းရပ်တည်

လန်ဒန် မေ ၁၈

မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းသည် ဗြိတိန်အားကစားလောကတွင် စတာလင်ပေါင် တစ်ဘီလီယံကျော်ချမ်းသာကြွယ်ဝသည့် ပထမဆုံးကစားသမားဟောင်းတစ်ဦးအဖြစ် ရပ်တည်နေသည်။

ဒေးဗစ်ဘက်ခမ်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီး မေဂျာလိဂ်ပြိုင်ပွဲတွင် အင်တာမိုင်ယာမီအသင်းအမည်ဖြင့် အသင်းတစ်သင်းတည်ထောင်၍ အသင်းပိုင်ရှင်ဖြစ်လာပြီးနောက် ဝင်ငွေများစွာမြင့်တက်လာကာ ဗြိတိန်အားကစားလောကတွင် ဘီလီယံနှင့်ချီပြီး ချမ်းသာကြွယ်ဝသူဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင်လည်း မန်ယူအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ အေစီမီလန်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၌ အောင်မြင်မှုများစွာရယူနိုင်သကဲ့သို့ ကစားသမားဘဝ အနားယူပြီးနောက်တွင်လည်း ဘောလုံးကလပ်အသင်းပိုင်ရှင်အဖြစ် ရပ်တည်ကာ အောင်မြင်မှုများရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် အင်တာမိုင်ယာမီအသင်းပူးတွဲပိုင်ရှင်ဖြစ်လာပြီး မက်ဆီအပါအဝင် ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူနိုင်ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက ယူအက်စ်အိုးပင်းပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ မေဂျာလိဂ်ပြိုင်ပွဲ၌လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။ ထို့ပြင် အင်တာမိုင်ယာမီအသင်း၏ ဝင်ငွေများစွာမြင့်တက်လာပြီးနောက် ဒေးဗစ်ဘက်ခမ်းမှာလည်း ဝင်ငွေများစွာမြင့်တက်လာပြီး လက်ရှိ ဗြိတိန်အားကစားလောကတွင် စတာလင်ပေါင် ဘီလီယံနှင့်ချီကာ ချမ်းသာကြွယ်ဝသည့် ကစားသမားဟောင်းတစ်ဦးဖြစ်လာကြောင်း သိရသည်။

*Ref;Time Sports*

# မန်စီးတီးအသင်းက ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဗယ်ဗာဒီအားခေါ်ယူရန် စတင်ကြိုးပမ်းနေ

မန်ချက်စတာ မေ ၁၈

မန်စီးတီးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဗယ်ဗာဒီအား ခေါ်ယူရန် စတင်ကြိုးပမ်းနေကြောင်း သိရသည်။

ဗယ်ဗာဒီသည် နောက်ပိုင်းဘောလုံးရာသီများတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းအတွက် အရေးပါသည့်သွင်းဂိုးများကို သွင်းယူနိုင်ခဲ့ကာ အရေးပါသည့်ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

သို့သော် ပြီးခဲ့သည့်ရက်ပိုင်းက ဗယ်ဗာဒီသည် အသင်းဖော် ချူအာမန်ဒီနှင့် လေ့ကျင့်ရေးကွင်းအတွင်း အချင်းများခဲ့သည့်အပြင် အသင်းအဝတ်လဲခန်းအတွင်း၌လည်း ထိုးကြိတ်ကြသည်အထိ ထပ်မံအချင်းများခဲ့ရာ ဗယ်ဗာဒီအနေဖြင့် ဦးခေါင်းဒဏ်ရာရရှိခဲ့သည်။

ဗယ်ဗာဒီနှင့် ချူအာမန်ဒီတို့ အချင်းများပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ၎င်းတို့နှစ်ဦးအနက် တစ်ဦးကို ပြန်လည်ရောင်းချမည်ဖြစ်သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား ဗယ်ဗာဒီကိုယ်တိုင်ကလည်း အသင်း၌ ဆက်လက်ကစားလိုခြင်းမရှိတော့သည့်အတွက် အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေကာ အစောပိုင်းကတည်းက ၎င်းကို မန်ယူအသင်းက ခေါ်ယူရန်ကြိုးပမ်းနေပြီး ယခုအခါ မန်စီးတီးအသင်းကလည်း ရှိဒရီ၏နေရာ၌ အစားထိုးရန်အတွက် ဗယ်ဗာဒီကိုခေါ်ယူရန် စတင်ကြိုးပမ်းနေကြောင်း သိရသည်။ **Ref;Top Skills Sports UK**




# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးစံချိန်ကို မန်ယူအသင်းမှ ဖာနန်ဒက်လိုက်မီ



မန်ချက်စတာ မေ ၁၈

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးစံချိန်ကို မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်က လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ်ကစားသည့် မန်ယူအသင်းက နျူးကာဆယ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် ဖာနန်ဒက်သည် ပွဲချိန် ၇၆ မိနစ်တွင် သွင်းယူသည့် အသင်းဖော် အမ်ဘူမို၏သွင်းဂိုးကို ဖန်တီးမှုပြုလုပ်နိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးစံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီက အာဆင်နယ်အသင်းကစားသမားဟောင်း အွန်နရီက ဂိုးဖန်တီးမှုအကြိမ် ၂၀ ပြုလုပ်နိုင်ခဲ့ပြီး တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအကြိမ် ၂၀ ပြုလုပ်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက မန်စီးတီးအသင်း ကစားသမားဟောင်း ဒီဘရိုင်းကလည်း ဂိုးဖန်တီးမှု အကြိမ် ၂၀ ပြုလုပ်နိုင်ခဲ့ပြီး ဒုတိယကစားသမားအဖြစ် စံချိန်တင်နိုင်ကာ ယခုအခါ ဖာနန်ဒက်ကလည်း ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင်ပင် အွန်နရီနှင့် ဒီဘရိုင်းတို့စံချိန်ကိုလိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် မန်ယူအသင်းအနေဖြင့် နောက်ဆုံးပွဲစဉ်အဖြစ် မေလ ၂၄ ရက်တွင် ဘရိုက်တန်အသင်းနှင့်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်၌ ဖာနန်ဒက်အနေဖြင့် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပါက အွန်နရီနှင့် ဒီဘရိုင်းတို့ကိုကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်မည်ဖြစ်သည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီအစပိုင်းတွင် နည်းပြအမိုရင်ကိုင်တွယ်စဉ်က ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ရာသီဝက်ကာလတွင် နည်းပြကာရစ်လက်အောက်၌ ခြေစွမ်းပိုင်းများ သိသိသာသာမြင့်တက်လာကာ သွင်းဂိုးများအပြင် ဂိုးဖန်တီးမှုများလည်းပြုလုပ်နိုင်ပြီးနောက် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိရန် နီးစပ်နေကြောင်း သိရသည်။ *Ref;B/R Football*

# ပီအက်စ်ဂျီအသင်းက ဘာကိုလာအတွက် ပြောင်းရွှေ့ကြေးကို ပေါင် သန်း ၈၀ သတ်မှတ်

ပါရီ မေ ၁၈

ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည့် အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဘာကိုလာအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ဘာကိုလာသည် ၂၀၂၃ ခုနှစ်က လိုင်ယွန်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း အသင်းတိုက်စစ်ပိုင်းတွင် ခါဗီချာ၊ ဒမ်ဘီလီနှင့် ဒူအီတို့နောက်တွင်သာ လူစားဝင်ကစားသမားအဖြစ်ကစားနေရသူဖြစ်သည်။

ဘာကိုလာကိုယ်တိုင်က အသင်း၌ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားနေရသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိနိုင်မည့် ထိပ်တန်းအသင်းတစ်သင်းကို ပြောင်းရွှေ့လိုနေပြီး လီဗာပူးအသင်းကလည်း ရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည့် ဆာလက်ချ်၏နေရာ၌ ဘာကိုလာနှင့် အစားထိုးလိုသည့်အတွက် ပီအက်စ်ဂျီအသင်းကလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ကို သတ်မှတ်ခဲ့ကြောင်း သိရသည်။ *Ref;Fotmob*

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ ခုတင် ၁၅၀၊ ခုတင် ၁၀၀၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ (Lab Reagent)များ ပါဝင်သော ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်များပါဝင်သော ဓာတ်မှန်ဌာနသုံးပစ္စည်းများနှင့် ဆေးရုံသုံး Basic Consumable များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါအမှတ် cutd.1.dms-mdy(2026-2027)ကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုပါက တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - | (၁၉-၅-၂၀၂၆)ရက်၊ အင်္ဂါနေ့ |
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေရာ | - | မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ လမ်း ၇၀၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| တင်ဒါပိတ်မည့် ရက်နှင့်အချိန် | - | (၁-၆-၂၀၂၆)ရက်၊ တနင်္လာနေ့၊ ညနေ(၄:၃၀)နာရီ |
| ဆက်သွယ်ရန်ဖုန်း | - | ၀၉-၆၆၀၁၆၀၃၆၈ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ (ဘ)ဦးလင်းထိန်ဇော် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၇/ပမန(နိုင်)၁၁၀၃၂၈ ကိုင်ဆောင်သူ၏သားဖြစ်သူ အ.မ.က(၁၂) Grade-5 တန်းတွင် ပညာသင်ကြားနေသော မောင်ခန့်ကြွယ်ကိုးဇော်အား မောင်နိုင်ထက်ခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နိုင်ထက်ခန့်**

### ပျောက်ဆုံးကြောင်း
အောင်ထွဋ်ခေါင်(ဘ)ဦးသက်နိုင်ထွန်း ၁၂/ဒပန(နိုင်)၀၆၂၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇင်လင်းထက်(ဘ)ဦးသောင်းလှ ၇/အတန(နိုင်)၁၅၆၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထက်ဟန်လင်း(ဘ)ဦးဝင်းဘို ၁၁/ပတန(နိုင်)၁၄၄၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 662171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဝဏ္ဏကျော်(ဘ)ဦးသက်အောင် ၁၂/ဒပန(နိုင်)၀၄၈၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ငွေငွေအောင်(ဘ)ဦးစိုးသိန်း ၉/ကပတ(နိုင်)၂၅၅၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 436226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၉၅၃၆၃၅

### ပျောက်ဆုံးကြောင်း
ပြည့်ဇော်(ဘ)ဦးဘိုမြင့် ၉/မခန(နိုင်)၂၀၀၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၉၄၆၈၆၄

### ပျောက်ဆုံးကြောင်း
ရန်နိုင်လင်း(ဘ)ဦးသန်းရှိန် ၈/မသန(နိုင်)၀၉၁၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၃၄၅၀၃၇

### ပျောက်ဆုံးကြောင်း
မျိုးမင်းသူ(ဘ)ဦးဇော်မင်း ၇/မညန(နိုင်)၁၁၃၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၀၈၁၁၈

### ပျောက်ဆုံးကြောင်း
ငွေနိုင်(ဘ)ဦးစံမြင့် ၇/ကတခ(နိုင်)၂၀၂၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရှုပါဦး(ဘ)ဦးအောင်သန်းငွေ ၁၂/တကန(နိုင်)၁၈၀၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၉၆၅၀၅၃၄၁

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နေ ဖြိုးဖြိုးအောင်(ဘ)ဦးအောင်အောင် ၇/ကတခ(နိုင်)၂၄၅၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အလင်းရောင် ၁/၃လမ်းနေ မရွှေဇင်ဝင်း(ဘ)ဦးနိုင်နိုင် ၇/ပခန(နိုင်)၄၉၁၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## (ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်ကုန်ထုတ်လမ်း၊ တံတားနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ **ဒုတိယအကြိမ်**အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၁၉-၅-၂၀၂၆)ရက် (အင်္ဂါနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ ရောင်းချမှုပိတ်သိမ်းမည့်ရက် | - | (၂-၆-၂၀၂၆)ရက် (အင်္ဂါနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ(နောက်ဆုံး) တင်သွင်းရမည့်ရက် | - | (၂-၆-၂၀၂၆)ရက် (အင်္ဂါနေ့)(၁၆:၃၀)နာရီအထိ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက် | - | (၄-၆-၂၀၂၆)ရက် (ကြာသပတေးနေ့) |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး |
| (စ) | တင်ဒါအကြိုရှင်းလင်းမည့်ရက် (သီးခြားဖိတ်စာမပို့ပါ) | - | (၂၆-၅-၂၀၂၆)ရက် (အင်္ဂါနေ့) (နံနက် ၁၀:၀၀) တိုင်းကျေးလက်ရုံး |

၂။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၂၄၅)သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်းနံပါတ်-၀၁-၉၀၁၀၆၅၀ နှင့် email-ygn.drd@drdmyanmar.net သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ (ဘ)ဦးလင်းထိန်ဇော် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၇/ပမန(နိုင်)၁၁၀၃၂၈ ကိုင်ဆောင်သူ၏သားဖြစ်သူ အ.မ.က(၁၂) Grade-3 တန်းတွင် ပညာသင်ကြားနေသော မောင်သန့်ထည်စွမ်းဇော်အား မောင်ဘုန်းသန့်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဘုန်းသန့်ထက်**

### ပျောက်ဆုံးကြောင်း
နှင်းမို့မို့အောင်(ဘ)ဦးသီဟ ၁၂/အစန(နိုင်)၂၁၈၉၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ကေခိုင်စိုး(ဘ)ဦးကြည်စိုး ၁၂/ကမရ(နိုင်)၀၁၃၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အားစိုက်(ဘ)ဦးရွှက်ခမ်း ၁၃/တယန(နိုင်)၀၂၆၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 918498)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အိအိငြိမ်း(ဘ)ဦးကိုနိုင် ၉/ရမသ(နိုင်)၂၄၅၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၃၅၆၈၆၂

### ပျောက်ဆုံးကြောင်း
ရွှေရွှေသင်း(ဘ)ဦးထွန်းမြင့် ၁၀/ကထန(နိုင်)၁၁၅၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၉၃၃၃၇၉

### ပျောက်ဆုံးကြောင်း
ဖြူနှင်းဖွေး(ဘ)ဦးအောင်ဇော်ဝင်း ၁၄/မမက(နိုင်)၂၉၈၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 122821)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၉၀၂၈၄၂

### ပျောက်ဆုံးကြောင်း
ဝေယံ(ဘ)ဦးသန်းထိုက် ၁၂/သကတ(နိုင်)၁၈၂၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၀၈၀၀၀၇

### ပျောက်ဆုံးကြောင်း
နေမင်းစိုး(ဘ)ဦးမောင်သိန်းညွှန့် ၁၁/ကဖန(နိုင်)၁၄၉၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၅၁၃၃၈၄၁

### ပျောက်ဆုံးကြောင်း
ခင်သန္တာ(ဘ)ဦးမောင်အေး ၁၀/မလမ(နိုင်)၁၆၉၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ခိုင်သင်းကြွယ်(ဘ)ဦးနိုင်ဦး ၇/လပတ(နိုင်)၁၆၀၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
သန်လျင်မြို့၊ ရွှေပြည်တော်လမ်း၊ အလွှမ်းဆွတ်ကျေးရွာနေ ဇင်မာဝင်း(ဘ)ဦးဘိုစန်း ၁၂/သလန(နိုင်)၁၉၉၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သုံးခွမြို့နယ်၊ ကျွဲတဲကုန်းကျေးရွာနေ မာမာမြင့်(ဘ)ဦးမြင့်အောင် ၁၂/သခန(နိုင်)၁၇၉၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အင်းစိန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် Fire Fighting System တပ်ဆင်ခြင်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်းလာရောက်၍ စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင် ရောင်းချမည့်ရက်နှင့်အချိန် | - | ၁၉-၅-၂၀၂၆ ရက်(အင်္ဂါနေ့) |
| တင်ဒါပိတ်မည့် ရက်နေ့အချိန် | - | ၁၈-၆-၂၀၂၆ ရက် (ကြာသပတေးနေ့) ညနေ(၄:၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အင်းစိန်ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၁၃၆၄၀၅၂၃၊ ၀၁၃၆၄၀၁၃၂**

### ပျောက်ဆုံးကြောင်း
နှင်းဝတ်ရည်ထွဋ်(ဘ)ဦးရဲဝင်းထွဋ် ၁၀/မဒန(နိုင်)၂၅၂၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နေရဲလင်း(ဘ)ဦးဝင်းနွယ် ၈/ဂဂန(နိုင်)၁၁၃၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ကိုကိုချစ်(ဘ)ဦးအေးရွှေ ၇/ပတတ(နိုင်)၁၀၆၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သဲစုမွန်(ဘ)ဦးပြုံးချို ၉/မကန(နိုင်)၁၁၁၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### အမည်ပြောင်း
ကျောက်ဆည်မြို့၊ အခြေခံပညာအထက်တန်းကျောင်း ဟံမြင့်မိုရ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-8 မှ အဘ ဦးကျော်မိုး ၉/ကဆန(နိုင်)၁၁၉၈၀၄ ၏သား မောင်ဝဠာမိုးအား မောင်ဝဠာအံ့ရှိန်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဝဠာအံ့ရှိန်**

### ပျောက်ဆုံးကြောင်း
လွှမ်းမိုး(ဘ)ဦးဝင်းရွှေ ၈/နမန(နိုင်)၁၉၆၈၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စိုပြည်အောင်(ဘ)ဦးအောင်သိုက် ၇/ကကန(နိုင်)၀၈၄၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နွဲ့နွဲ့မူ(ဘ)ဦးကံလှ ၉/မခန(နိုင်)၂၂၆၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 138764)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
စောလင်း(ဘ)ဦးလှရီ ၉/ကပတ(နိုင်)၂၇၆၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၂၁၂၂၈၅

### ပျောက်ဆုံးကြောင်း
သက်ဝေဖြိုး(ဘ)ဦးစိုးနိုင် ၇/ဇကန(နိုင်)၀၇၅၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၇၂၄၁၃၁

### ပျောက်ဆုံးကြောင်း
အောင်ပြည့်ဇော်ငွေ(ဘ)ဦးလှငွေ ၇/ညလပ(နိုင်)၂၂၁၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 087364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ကြည်ပြာအောင်(ဘ)ဦးကိုကြည် ၁၄/ရကန(နိုင်)၁၅၂၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၀၄၃၃၅၀

### ပျောက်ဆုံးကြောင်း
ဝေမာထွန်း(ဘ)ဦးလှမောင်သာ ၁၁/မဥန(နိုင်)၀၄၆၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၉၅၄၁၁၂၃

### ပျောက်ဆုံးကြောင်း
သန္တာအောင်(ဘ)ဦးမြတ်စီ ၁၂/အစန(နိုင်)၁၉၉၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 095761)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၁၆၉၃၀၈

### ပျောက်ဆုံးကြောင်း
ပပညိမ်း(ဘ)ဦးလှလေး ၁၄/မအပ(နိုင်)၂၂၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၃၅၂၀၃၄၃

### အမည်ပြောင်း
အ.ထ.က(၄)ပခုက္ကူမြို့ KG မှ အဘ ဦးဝင်းဇော်ဦး ၈/မလန(နိုင်)၀၆၀၉၄၁ ၏သမီး မခေတ်ဆည်းဆာသွင်အား မသစ်ခင်ခင်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မသစ်ခင်ခင်စံ**

## ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ အ.လ.က ပန်းတော်ကျင်း Grade-9 မှ မခင်သက်စံ၏ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင် ၈/နမန(နိုင်)၁၁၂၈၇၇ ဖြစ်ပါကြောင်း။
**ဦးဝင်းကြိုင်**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကိုးစုကျေးရွာအုပ်စုနေ မောင်မင်းမင်းဦး(ဘ)စောစန်ကေ(ခ)ဦးအေးကြွယ် ၁၄/ပသန(နိုင်)၂၂၆၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၆၈၃၃၈၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၇ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် ငွေလုံးငွေရင်းအသုံးစရိတ်(ပရိဘောဂ)ခေါင်းစဉ်အောက်မှ Single Desk & Chair Wood Finger-Joint များ၊ ဗီရိုများ၊ File Rack များ၊ အရာရှိစားပွဲနှင့်ထိုင်ခုံများ၊ စာကြည့်တိုက်သုံးမှန်ဗီရိုများ၊ စာကြည့်တိုက်သုံးစာအုပ်စင်များ၊ စာကြည့်တိုက်သုံးစားပွဲနှင့်ထိုင်ခုံများ၊ Single Desk & Chair(အနိမ့်/အမြင့်)များ၊ ဆရာ/ဆရာမစားပွဲနှင့်ထိုင်ခုံများ၊ သင်ကြားရေးစတိတ်ခုံများ၊ White Board များနှင့် Notice Board များဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် - ၂၁-၅-၂၀၂၆(၁၀:၀၀)နာရီ
အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် - ၄-၆-၂၀၂၆(၁၆:၃၀)နာရီ
တင်ဒါဝယ်ယူရမည့် နေရာနှင့်တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇ နှင့် ၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၇ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့်ရုံးများတွင် တည်ဆောက်ရေးလုပ်ငန်း(၈၃၄)ခု ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် - ၁၉-၅-၂၀၂၆(၁၀:၀၀)နာရီ
အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် - ၁၇-၆-၂၀၂၆(၁၆:၃၀)နာရီ
တင်ဒါဝယ်ယူရမည့် နေရာနှင့်တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၇ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့်ရုံးများတွင် တည်ဆောက်ရေးလုပ်ငန်း(၈၃၄)ခု ဆောင်ရွက်ခြင်းအား အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC Team)Third Party ဖြင့် ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု(QA/QC)ကန်ထရိုက်မှတ်ပုံတင်လက်မှတ်ရှိ မြန်မာနိုင်ငံသားကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် - ၁၉-၅-၂၀၂၆(၁၀:၀၀)နာရီ
အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် - ၁၇-၆-၂၀၂၆(၁၆:၃၀)နာရီ
တင်ဒါဝယ်ယူရမည့် နေရာနှင့်တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇ ၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်ထွန်း(ဘ)ဦးကျော်ဝင်း ၁၂/ရပသ(နိုင်)၀၆၀၀၆၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ငွေးဝင်းနိုင်(ဘ)မောင်ခင်မြင့် ၁၁/မဥန(နိုင်)၁၆၆၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၁၆၉၀၄၆

**ပျောက်ဆုံးကြောင်း**
မင်းမင်းဇော်(ဘ)ဦးဇော်မြင့် ၁၂/သဃက(နိုင်)၂၃၁၁၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၆၇၇၃၀၁

**ပျောက်ဆုံးကြောင်း**
အေးမွန်သန်း(ဘ)ဦးကျန် ၁၂/တကန(နိုင်)၁၆၂၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၈၉၇၀၀၀

**ပျောက်ဆုံးကြောင်း**
သူဇာဝင်း(ဘ)ဦးစိန်ဝင်း ၇/သဝတ(နိုင်)၁၂၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၃၇၀၉၇၆

**ပျောက်ဆုံးကြောင်း**
နော်လီဇာ(ဘ)စောမူထူး ၁၀/သထန(နိုင်)၂၉၃၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၈၆၉၄၀၀

**ပျောက်ဆုံးကြောင်း**
ရီရီလွင်(ဘ)ဦးထွန်းခင် ၁၂/ကမတ(နိုင်)၀၄၀၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၃၃၆၄၆၅

**ပျောက်ဆုံးကြောင်း**
ဇော်မျိုးလှိုင်(ဘ)ဦးသိန်းဖေ ၁၂/စခန(နိုင်)၀၆၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၂၄၃၀၀၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၇ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခေါင်းစဉ်အောက်မှ Microscope များ၊ Projector With Tripod Screen များ၊ Solar Power System များ၊ မြက်ဖြတ်စက်များ၊ Desktop Computer With UPS များ၊ Laser Printer(A4)များ၊ Digital Duplicator များ၊ 1000 Liter ရေသန့်စက်များ၊ 100 Liter(AC/Solar) ရေသန့်စက်များနှင့် ရေသန့်စက် Refill များ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် - ၁၉-၅-၂၀၂၆(၁၀:၀၀)နာရီ
အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် - ၂-၆-၂၀၂၆(၁၆:၃၀)နာရီ
တင်ဒါဝယ်ယူရမည့် နေရာနှင့်တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇ နှင့် ၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပြည်ထဲရေးဝန်ကြီးဌာန**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေဖြင့် အောက်ပါလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| အုပ်စု | မြို့နယ် | လုပ်ငန်း |
|---|---|---|
| Lot.1 | ကျောက်တံတားမြို့နယ် | **တိုင်းဒေသကြီးရုံး အမှတ်(၁)အဆောက်အဦ၏** အပြင်နံရံ(၄)ဘက် ဆေးသုတ်မွမ်းမံခြင်း(Orient) မြေညီထပ် သံတံခါး(၅)ပေါက် ဟောလိုပိုက်ဖြင့် ထပ်မံတပ်ဆင်ခြင်း တိုင်းဒေသကြီးရုံး၊ ပထမထပ်ရုံးခန်း(၈)ခန်း၊ မျက်နှာကြက်များနှင့် ဘေးနံရံများဆေးသုတ်မွမ်းမံခြင်း၊ ရုံးခန်း(၂)ခန်း Light Partition ပြုလုပ်ခြင်း၊ Beam Joint ဆက်များ ရေလုံရန် Water Proofing ထည့်ပြုပြင်ခြင်း၊ |
| | | **တိုင်းဒေသကြီးရုံး အမှတ်(၂)အဆောက်အဦ** ပထမထပ်ရုံးခန်း(၄)ခန်း Vinyl Floor ခင်းခြင်း၊ မြေညီထပ်တန်းစီကွင်းမျက်နှာကြက်ကွာကျသည့်နေရာများ Chemical အသုံးပြု၍ ပြင်ဆင်ခြင်း၊ တာဝန်မှူးရုံးခန်းခေါင်မိုးများ လဲလှယ်တပ်ဆင်မွမ်းမံခြင်း၊ သန့်စင်ခန်း(၆)ခန်းနှင့် ရေချိုးခန်း(၂)ခန်းပြုပြင်မွမ်းမံခြင်း |
| | | **တိုင်းဒေသကြီးရုံး အမှတ်(၃)အဆောက်အဦ**ရှိ ပြတင်းပေါက်(၈၄)ပေါက်အား သံပန်းတပ်ဆင်ခြင်း၊ ရုံးခန်း(၁၅ ပေ x ၂၂ ပေ)ရှိ အခန်း(၁)ခန်းဖွဲ့ခြင်း |
| Lot.2 | ကျောက်တံတားမြို့နယ် | Laptop (၅)လုံးဝယ်ယူခြင်း(Core i7 Ram(16)GB Gen 4 SSD (512)GB) Color Printer (၁)လုံးဝယ်ယူခြင်း(4800x2400 dpi A3, A4, Legal)A3 Printer (၁)လုံးဝယ်ယူခြင်း(Konica Mi nolta 600 x 600 dpi 64MB A3, A4, Legal)Copier (၂)လုံးဝယ်ယူခြင်း<br>Aircon Split Type Chigo inverter-type 1.5 HP(၁၀)လုံး(Safeguard အပါအဝင်)ဝယ်ယူခြင်း<br>CCTV (၁၆)လုံးနှင့် အထိုင်စက်ပါ ဆက်စပ်ပစ္စည်းဝယ်ယူခြင်း |
| Lot.3 | ကျောက်တံတားမြို့နယ် | သံဗီရို(၅)လုံး ဝယ်ယူခြင်း<br>တစ်ယောက်အိပ်သစ်သားကုတင်(၁၀)လုံးဝယ်ယူခြင်း<br>စားပွဲ(၂၀)စုံဝယ်ယူခြင်း<br>ကြိတ်သားစားပွဲ(၄ ပေ ၆ လက်မ x ၂ ပေ ၆ လက်မ)နှင့် ထိုင်ခုံ(၁၅)စုံဝယ်ယူခြင်း<br>ကွန်ပျူတာတင်စားပွဲ(၄ ပေ x ၂ ပေ)နှင့် ကုလားထိုင်(၅)စုံဝယ်ယူခြင်း |

၂။ (က) တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန် - ၁၉-၅-၂၀၂၆ ရက်(အင်္ဂါနေ့)(၁၀၀၀)အချိန်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၆၇/၆၉)၊ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး
(ဂ) တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် - ၂၉-၅-၂၀၂၆ ရက်(သောကြာနေ့)(၁၆၀၀)အချိန်
(ဃ) တင်ဒါပုံစံဖွင့်လှစ်မည့်နေရာ - အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး

၃။ အသေးစိတ်သိရှိလိုပါက အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း ၀၁-၃၈၀၃၅၃၊ ၀၁- ၂၅၆၀၃၂၊ ၀၁-၃၇၁၈၃၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါကြောင်းနှင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်တို့ကိုထပ်မံ ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း**
**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၅)ရပ်ကွက်နေ ကျွန်တော် ဦးစောရန်နိုင်(ဘ)ဦးနိုင်မင်းလွင် ၁၂/ဒဂတ(နိုင်)၀၉၄၂၃၁ နှင့် ဒေါ်ခိုင်သန္တာဝင်း(ဘ)ဦးဇော်ဆန်း ၁၂/ဒဂရ(နိုင်)၀၃၅၂၁၂ တို့သည် ၂၀၂၆ ခုနှစ်၊ မေလ(၁၈)ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောရန်နိုင်**

**ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း**


မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ အမှတ်(၃)ရပ်ကွက်
၁။ Eint Hmue Khin Pure Water
၂။ EHK purified drinking water
၃။ Khin Pure Water
၄။ EHK Water Supply
၅။ EHK Aqua

အမည်များအသုံးပြုလျက် ရေသန့်လုပ်ငန်းအား ဥပဒေနှင့်အညီ မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါ၍ အထက်ပါအမည်အသုံးပြုထားသော လုပ်ငန်းတူရှိပါက အထောက်အထားအပြည့်အစုံဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေလင်းအောင် ၉/ဝတန(နိုင်)၁၉၈၆၅၇**
**၀၉-၄၀၅၅၅၄၀၃၀/၀၉-၉၇၄၇၅၉၀၅၉**


STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့်
စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ
လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
DAGON
MALTA FRESH
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်




နေပြည်တော် မေ ၁၈

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ စာမျက်နှာ ၁၁ ကော်လံ ၁ ➢

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

**ဆောင်းပါး**

ရေကြောင်းလုပ်ငန်း စွမ်းအားကြွယ် နောင်တစ်ခေတ်အတွက်ရည်ရွယ်

စာ - ၁၃ သို့

## ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပွဲစဉ်တွင် ထိုင်းအသင်းကိုအနိုင်ယူပြီး မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်

စာ - ၂၂ သို့



## ၂၀၂၆ ခုနှစ်၊ ရေကြောင်းလုပ်ငန်းအခြေခံနှင့်တန်းမြင့်သင်တန်းစခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံလှေလှော်ရွက်တိုက်ပြိုင်ပွဲနှင့် ရေတပ်သားအချက်ပြဆက်သွယ်ရေး ပြိုင်ပွဲများပြုလုပ်၊ ရန်ကုန်မြစ်တွင်းမှ ပင်လယ်ဝနှင့်သန်လျင်တပ်နယ်တို့သို့လေ့လာရေးသွားရောက်

နေပြည်တော် မေ ၁၈

ရေကြောင်းလုပ်ငန်းအခြေခံနှင့်တန်းမြင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၆)သို့ တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံလှေလှော်ရွက်တိုက်ပြိုင်ပွဲနှင့် အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာပြိုင်ပွဲများကို မေလ ၁၇ ရက် နံနက်ပိုင်းတွင် တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ပြုလုပ်ရာ တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြပို့/ဖမ်းခြင်း လက်တွေ့ပြိုင်ပွဲ၊ စာမျက်နှာ ၂၂ ကော်လံ ၁ ▼



ရေကြောင်းလုပ်ငန်းအခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ သမိုင်းဝင်စစ်ရေယာဉ်(မေယု)အား ကြည့်ရှုလေ့လာစဉ်။

